http://www.dhammadownload.com

ရတနာစံဦးတိုက်

ရတနာမာရ်အောင်တောရဓမ္မရိပ်သာများ၏အဓိပတိ

မြောက်ဦးဆရာတော်

ဟောကြားအပ်သော

# အမြတ်ဆုံးကုသိုလ်ရစေလို

# တရားတော်

http://www.dhammadownload.com

- ဝိပဿနာအားထုတ်မှ ဘဝမှာ
အနေကောင်းမယ်။
အနေကောင်းမှ အသေကောင်းမှာနော်။
အနေမတတ်က အသေမဖြတ်နိုင်ဘူး
ဆိုတာ မှတ်ပါ။
- အသက်တမ်းတိုတဲ့ အချိန်ကလေးမှာ
အထက်တန်းစိတ်ဓာတ်မွေးထားမှ
အမြင့်စခန်းကို ရောက်နိုင်တယ်။
- အမြတ်ဆုံးဘဝကို အမြတ်ဆုံးကျင့်စဉ်ဖြင့်ကျင့်မှ
အမြတ်ဆုံးဆိုတဲ့ တရားထူးကိုရမယ်။
အမြတ်ဆုံးရနေတဲ့ လူ့ဘဝမှာ
အမြတ်ဆုံးကုသိုလ်ဖြစ်တဲ့
ဒါနအစ ဝိပဿနာအဆုံး
ကုသိုလ်တွေကို မယူတတ်ရင်ဖြင့်
လူ့ဘဝမြတ်ပေမဲ့ အရင်းပါ
ရှုံးပြီးသား ဆိုတာ မှတ်ပါ။

http://www.dhammadownload.com

ရတနာမာရ်အောင်တောရ
ဓမ္မရိပ်သာများ၏ အဓိပတိ

# မြောက်ဦးဆရာတော်

ဟောကြားအပ်သော

# အမြတ်ဆုံးကုသိုလ် ရစေလို တရားတော်



(ယောဂီများအတွက်သာ)

သာသနာ ၂၅၅၄၊ ကောဇာ ၁၃၇၂၊ ခရစ် ၂၀၁၁

http://www.dhammadownload.com

၂၀၁၂ ခုနှစ်၊ ဧပြီလ
ပထမအကြိမ် * ၁၀၀၀ အုပ်
၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ
ဒုတိယအကြိမ် * ၁၀၀၀ အုပ်

# ဓမ္မဒါန

ရန်ကုန်

**ဒါယကာ၊ ဒါယိကာမများမှ**

လှူဒါန်းထုတ်ဝေသည်။

http://www.dhammadownload.com



ကမ္မဋ္ဌာနာစရိယ အရှင်ဝါယာမိန္ဒ

ရတနာမာရ်အောင်တောရဓမ္မရိပ်သာ၊ ပုလဲမြို့သစ်၊ မင်္ဂလာဒုံမြို့နယ်။

http://www.dhammadownload.com



## မြောက်ဦးမြို့ ရတနာစံဦးတိုက် ရတနာမာရ်အောင် တောရဓမ္မရိပ်သာ ဆရာတော် ဟောကြားအပ်သော

# အမြတ်ဆုံးကုသိုလ် ရစေလို တရားတော်

ဩကာသ၊ ဩကာသ၊ ဩကာသ၊ ကာယကံ၊ ဝစီကံ၊ မနောကံ တည်းဟူသော အပြစ်ခပ်သိမ်း ပပျောက်ငြိမ်း၍ အသက် ရှည်စွာ အနာမဲ့ရေး၊ ရန်ဘေးကင်းကြောင်း၊ ကောင်းမှုမင်္ဂလာ ဖြစ်ပါစေခြင်း အကျိုးငှာ ဘုရားရတနာ၊ တရားရတနာ၊ သံဃာရတနာ တည်းဟူသော ရတနာမြတ်သုံးပါး ဆရာ သမားတို့ကို အရိုအသေ အလေးအမြတ် လက်စုံမိုး၍ ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့ ကန်တော့ပါ၏ အရှင်ဘုရား။

ကန်တော့ရသော ကောင်းမှုကုသိုလ် ကံ စေတနာတို့ကြောင့် တပည့်တော်တို့ အားထုတ်ဆဲ အားထုတ်လတ္တံ့ ဖြစ်သော ဒါန၊ သီလ၊ စေတနာကံနှင့်တကွ ဝိပဿနာ ဉာဏ်သည် မဂ်ဉာဏ်သို့ ကျေးဇူးပြု၍ နိဗ္ဗာန်သို့ မျက်မှောက်ပြုရပါလို၏ အရှင်ဘုရား။

http://www.dhammadownload.com


# အမြတ်ဆုံးကုသိုလ် ရစေလို တရားတော်

အရဟံအစရှိသော ကိုးပါးသော ဂုဏ်တော်တို့နှင့် ပြည့်စုံသော ဘုရားရတနာ၊

သွာက္ခာတအစလာသော ခြောက်ပါးသော ဂုဏ်တော်တို့နှင့် ပြည့်စုံတော်မူသော တရားရတနာ၊ သုပ္ပဋိပန္နော အစဖြာသော ကိုးပါးသော ဂုဏ်တော်တို့နှင့် ပြည့်စုံတော်

http://www.dhammadownload.com



မှုသော သံဃာ ရတနာ ဤရတနာ မြတ်သုံးပါး အပေါင်းတို့၏ သန္တာန်ဝယ် ကိန်းနေတဲ့ ထူးမြတ်တဲ့ သီလဂုဏ်၊ ထူးမြတ်တဲ့ သမာဓိဂုဏ်၊ ထူးမြတ်တဲ့ ပညာဂုဏ်တို့ကို အာရုံပြု၍ ရှိသေမြတ်နိုး၊ လက်ဆယ်ဖြာ ဦးထိပ်မှာမိုးကာ ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့ ကန်တော့ရသော ကောင်းမှုကုသိုလ်ကံ စေတနာအဖြာဖြာတို့ကြောင့် မိမိတို့ လိုလားအပ်၊ ပန်ဆင်အပ်၊ မြတ်နိုးအပ်သော မအို၊ မနာ၊ မသေ အမြဲနေရာဖြစ်သော မဟာအသင်္ခတ မြတ်လှစွာသော နိဗ္ဗာန်သို့လည်း ကောင်း၊ ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏ၊ သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသဟု ဆိုအပ်သော နိဗ္ဗာန်တရားတော်မြတ်ကို ဤဘဝ ဤခန္ဓာ ဤသာသနာတွင်းမှာ ပင်လျှင် မိမိတို့ အားထုတ်ဆဲဖြစ်သော ဒါန၊ သီလ၊ စေတနာကံနှင့်တကွ ဝိပဿနာဉာဏ်သည် လျှင်မြန်စွာ မဂ်ဉာဏ်သို့ ကျေးဇူးပြု၍ နိဗ္ဗာန်သို့ မျက်မှောက်ပြုနိုင်ကြသည် ဖြစ်ကြပါစေ။

http://www.dhammadownload.com



ဓမ္မဂရုဘိက္ခဝေ တထာဂတော ဓမ္မဂါရ ဝေါလို့ ဘုရားကိုတော်မြတ်ကြီးက တရားတော်ကို လေးစားလိုက်နာ တန်ဖိုးထားကြလို့ အမိန့်မရှိဘူးလား။

"ရှိပါတယ်ဘုရား"

ချစ်သား၊ ချစ်သမီးတို့ တရားတော်ကို လေးစားလိုက်နာ တန်ဖိုးထားကြ။ ငါဘုရားရှင်သည်လည်း ဒီတရားတော်ကို လေးစားလိုက်နာ တန်ဖိုးထားလို့ ခုလို ဘုရားဖြစ်ပြီး သဗ္ဗညုတ ရွှေဉာဏ်တော်ကြီးကို ရတာလို့ အမိန့် မရှိဘူးလား။

"ရှိပါတယ်ဘုရား"

ကျုပ်တို့ ဒကာဒကာမတွေကိုလည်း ဘုန်းကြီးတို့က ထပ်ဆင့်ပြီး တရားတော်မြတ်ကို လေးစားလိုက်နာ တန်ဖိုးထားကြလို့ အမိန့်ရှိပါတယ်။

"တင်ပါ့ဘုရား"

ဘာကို လေးစားရမှာတဲ့လဲ။

"တရားတော်ကိုပါဘုရား"

http://www.dhammadownload.com



တရားကို လေးစားမှ တရားက ကိုယ့်ကို ပြန်ပြီး ကျေးဇူးပြုမယ်နော။ ဘာဖြစ်မယ်။

"ကျေးဇူးပြုပါမယ်ဘုရား"

"ဓမ္မဟဝေ ရက္ခတိ ဓမ္မစာရိတိ"တဲ့ တရားကိုစောင့်ရင် တရားက ကိုယ့်ကို ပြန်ပြီး စောင့်တယ်နော။ ဘာကို စောင့်ရမှာတဲ့လဲ။

"တရားကို စောင့်ရမှာပါဘုရား"

ဟုတ်တယ် ဘုန်းကြီးတို့ ဒကာဒကာမတွေ ဒါကြောင့်မို့လို့ ဘုရားကိုယ်တော်မြတ်ကြီးကလဲပဲ သူ့ကိုယ်သူ ငါဟာ အလိုလို ဘုရားဖြစ်လာတာ မဟုတ်ဘူးတဲ့။ တရားတော်မြတ်ကို ကျင့်ကြံပွားများ အားထုတ်လို့သာ ဘုရားဖြစ်လာရခြင်း ဖြစ်တယ်လို့ အမိန့်မရှိဘူးလား။

"ရှိပါတယ်ဘုရား"

မကျင့်ရင်ကော ဘုရားဖြစ်ပါ့မလား။

"မဖြစ်ပါဘုရား"

ဟို အလောင်းတော် သိဒ္ဓတ္ထမင်းသား ဘဝတုန်းက မောင်းမမိသံတွေ သောင်းနဲ့ချီပြီး

http://www.dhammadownload.com



နေတဲ့အထဲမှာ ပျော်မွေ့နေမယ်ဆိုရင် ဘုရား ဖြစ်ပါ့မလား။

"မဖြစ်ပါဘုရား"

ဒါဆိုရင် လောကီအာရုံ ကာမဂုဏ်တွေကို စွန့်လွှတ်ပြီး သင်္ကာလ လူ့သူမနီးတဲ့ တောကြီးထဲမှာ တောထွက်ပြီး ဘာတရားကို ကျင့်ပါလိမ့်။

"ဝိပဿနာတရားကိုပါဘုရား"

ဟုတ်တယ်၊ ဝိပဿနာတရားကို ကျင့်တယ်နော။ ဒီဝိပဿနာတရားကို ကျင့်သုံးခြင်းအားဖြင့် ခန္ဓာကိုယ်ကြီးကို ဘာသစ္စာမြင်သွားပါလိမ့်။

"ဒုက္ခသစ္စာပါဘုရား"

အားလုံးသော ပရိသတ်အပေါင်း သူတော်ကောင်းများ ပြန်ပြောပြပါဦး။ ဘုရားရှင်ဟာ ခန္ဓာကိုယ်ကြီးကို ဘာသစ္စာ မြင်ခဲ့တယ်။

"ဒုက္ခသစ္စာပါဘုရား"

ဒုက္ခသစ္စာကို ပိုင်းခြားသိပြီးတော့ ဘာ

http://www.dhammadownload.com



သစ္စာကို ပယ်စွန့်ပါလိမ့်။

"သမုဒယသစ္စာပါဘုရား"

အော် သမုဒယ သစ္စာဆိုတာ ဘာဖြစ်စေတတ်သလဲဆိုရင် ဆင်းရဲစေတတ်တယ်နော်။ ဒုက္ခဖြစ်စေတတ်တယ်ပေါ့။ ဆင်းရဲစေတတ်တဲ့ သဘောကို ဘာသစ္စာလို့ ခေါ်ပါလိမ့်။

(သမုဒယသစ္စာပါဘုရား)

တစ်နည်းဆိုရင် ဆင်းရဲကြောင်းပေါ့နော်။ ဟုတ်လား။ ဒုက္ခသစ္စာကတော့ ဆင်းရဲကျိုးပေါ့။ နောက်တစ်နည်းပြောရင် မကောင်းကြောင်းက သမုဒယသစ္စာ။ မကောင်းကျိုးက ဒုက္ခသစ္စာ ဟုတ်လား။ ဒီတော့ ဘုရားအလောင်းတော်ကြီးသည် သစ္စာလေးပါးတရားတို့အနက် နံပါတ်(၁) ဘာသစ္စာကို ပိုင်းခြားသိခဲ့ပါလိမ့်။

"ဒုက္ခသစ္စာကိုပါဘုရား"

ဟုတ်တယ်။ ဒုက္ခသစ္စာဆိုတာ ပိုင်းခြားသိရမယ့် တရားနော်။ ဘယ်လို သိရမလဲဆိုရင် ရှေးဦးစွာ အာနာပါနကို အခြေခံ

http://www.dhammadownload.com


ထားပြီးတော့ (ဝင်လေ ထွက်လေ) ၂ နဲ့ (ရှုမှတ်လိုက်တာ) ၂ သမာဓိ အရှိန်အဝါတွေ ယူပြီးတော့ ဝင်လေထွက်လေကနေတစ်ဆင့် ခန္ဓာတကိုယ်လုံးကို စူးစိုက်ပြီး ရှုမှတ်ရင်းနဲ့ ပထမဘာသစ္စာကို ပိုင်းခြားပြီး သိပါလိမ့်။

"ဒုက္ခသစ္စာကိုပါဘုရား"

ဘာသစ္စာကိုပယ်လို့။

"သမုဒယသစ္စာကိုပါဘုရား"

ဘာသစ္စာကို ပွားများတယ်။

"မဂ္ဂသစ္စာကိုပါဘုရား"

ဘာသစ္စာဆိုက်တာလဲ။

"နိရောဓသစ္စာပါဘုရား"

နိရောဓသစ္စာဆိုတာ မျက်မှောက်ပြုရမယ့် တရားနော်။ ဒါကြောင့် ဒီသစ္စာတရားတွေကို ဒကာဒကာမတွေ နားထောင်တတ်ဖို့ လိုတယ်နော။ ဒီတရားကို နာတတ်ပြီဆိုရင် တရား သဘောပေါက်လာမယ်။ ကိုယ်က ဖြစ်တယ်ဆိုတာ သိလာတယ်နော်။ ဒီတရားစခန်းက အိမ်ပြန်သွားလို့ ရှိရင်လဲ အကြောင်း

http://www.dhammadownload.com



တစ်ခုခု တိုက်ဆိုင်လာလို့ရှိရင် အော် ငါ ဘာသဏ္ဍာဖြစ်နေပြီလို့ မသိနိုင်ဘူးလား။

"သိနိုင်ပါတယ်ဘုရား"

ဘာတရားကို နာထားလို့တဲ့လဲ။

"သဏ္ဍာတရားကိုပါဘုရား"

ဘာတရားကို နှလုံးသွင်းနိုင်တယ်။

"သဏ္ဍာတရားကိုပါဘုရား"

ကဲ–ဒါဆိုရင် ဘုရားကိုယ်တော်တိုင်က သူကိုယ်တိုင် သဏ္ဍာလေးပါးတရားကို မြင်တော့ သူမြင်သလို ဘုန်းကြီးတို့ ဒကာဒကာမတွေကိုရော မြင်စေချင်လို့ တစ်ဆင့်တက်ပြီး မဟောဘူးလား။

"ဟောပါတယ်ဘုရား"

မြတ်စွာဘုရားရှင်ဟာ သူသိသလို သိစေချင်လို့၊ သူမြင်သလို မြင်စေချင်လို့၊ သူတစ်ဖက်ကမ်းရောက်သလို ရောက်စေချင်လို့ ဟုတ်လား။ ဗုဒ္ဓေါ ဗောဓိယံ တိ ဏ္ဍောတာရေယံ၊ ငါဘုရားသဏ္ဍာလေးပါးကို သိရင် သတ္တဝါတွေ သိစေရမယ်၊ ငါဘုရား သံသရာတည်းဟူသော

http://www.dhammadownload.com



တစ်ဖက်ကမ်းမှ ဟိုဘက်ကမ်းကို လွတ်မြောက်နိုင်သလို သတ္တဝါတွေ လွတ်မြောက်စေရမယ်၊ လွတ်စေအောင် ကယ်တင်နည်း ပေးမယ် ဆိုပြီး ကိုယ်တော်တိုင် ဒီတရားတော်တွေကို မဟောခဲ့ဘူးလား။

"ဟောခဲ့ပါတယ်ဘုရား"

ဒကာဒကာမတွေကတော့ ဘုရားရှင်နဲ့ ကိုယ်တိုင် နာခဲ့ရရဲ့လား။

"မနာခဲ့ရပါဘုရား"

ဘာဖြစ်နေခဲ့လို့လဲဆိုရင် (သမုဒယ၊ ဒုက္ခ) ၂ နဲ့ လည်နေခဲ့လို့ပေါ့နော်။ မနစ်နာဘူးလားဗျာ။

"နစ်နာပါတယ်ဘုရား"

နစ်နာတယ်နော်။ သို့သော်တဲ့ ကံကောင်းထောက်မလို့ ယခု ဘုရားသာသနာ အနှစ် ၅၀၀၀ ထဲမယ် ဒုတိယဖြစ်တဲ့ သာသနာနောက်ပိုင်းမှာ ဘုရားရှင် သာသနာနဲ့ တွေ့ဆုံခွင့်ရပါတယ်။ ပထမပိုင်း ၂၅၀၀ ကတော့ ကုန်လွန်သွားခဲ့ပါပြီ။ ပထမ ၂၅၀၀ ကို

http://www.dhammadownload.com


ကျော်လို့ ခုဆိုရင် ဒုတိယပိုင်း ၂၅၀၀ကို ပြန်စလာတာ နှစ်ပေါင်း လေးဆယ်ကျော်ပြီနော်။ ဟုတ်လား။ အေး...ဒီတော့ သာသနာ အခေါင်တိုင် ကျော်သွားပြီပေါ့။ အခုဘယ်က ပြန်စတယ်။ ဝိမုတ္တိယုဂခေတ်က ပြန်စတယ် နော်။ ဝိမုတ္တိယုဂခေတ်ဆိုတာ ဝိပဿနာ ခေတ်ကို ပြောတာ။ ဒီခေတ်မှာ တကယ် သဒ္ဓါတရားရှိတဲ့ ပုဂ္ဂိုလ်တွေ ကြိုးစားရင် သောတာပန်လည်း ဖြစ်နိုင်တယ်၊ သကဒါဂမ် လည်း မဖြစ်နိုင်ဘူးလား။ ဖြစ်နိုင်တယ်နော်။ အနာဂါမ်လည်း ဖြစ်နိုင်ပါတယ်။ အသဝေါ ကုန်ခန်းတဲ့ ရဟန္တာလဲ ဖြစ်နိုင်တဲ့ခေတ်ဟာ ဒီခေတ်ကို ပြောတာနော။ ဒါကြောင့် ဝိပဿနာ တရား ထွန်းကားလာတယ်ဆိုတာ ဒါကို ပြောဘာ။ ဒါဆိုရင် တို့ဘာတွေရဖို့ ခေတ်ကို ရောက်နေသလဲဆိုရင်။ တရားရဖို့ခေတ်ကို ရောက်နေပြီ ဟုတ်လား။ ဒါတောင် တပည့် တော်တို့ ဘာကိစ္စကြောင့်၊ ညာကိစ္စကြောင့် သားသမီးကိစ္စ၊ ဆွေမျိုးကိစ္စ၊ စီးပွားရေးကိစ္စ၊

http://www.dhammadownload.com



လူမှုရေးကိစ္စ စသည်ဖြင့် ကိစ္စများစွာတွေကို ထိုးပြပြီး တရားစဉ်နဲ့ လုပ်ငန်းခွင် မဝင်နိုင်သေးဘူးလို့ဆိုရင် ခေတ်တော့ခေတ်ပဲ ခေတ်ကောင်းပေမဲ့ အခွင့်အရေးဆုံးမှာနော်။ ကျေးဇူးမရှိနိုင်ဘူး။ ဒါကြောင့် အပြောမဟုတ်၊ တကယ်လုပ် အဟုတ်သိနိုင်သည် ဟုတ်ရဲ့လား။ ဘုန်းကြီးတို့ ဗုဒ္ဓတရားတော်မြတ်က အပြောနဲ့ လုပ်လို့ရတာလား။ တကယ်ကျင့်ရတာလား။

"တကယ်ကျင့်ရတာပါဘုရား"

ဒါကြောင့် တရားလိုချင်တဲ့ ပုဂ္ဂိုလ်သည် အလုပ်လုပ်ရတယ်။ လောကီမှာလဲ ဒီလိုပဲပေါ့။ အလုပ်လုပ်ရင် ရမှာပေါ့။ မလုပ်ရင်ကော–

"မရပါဘုရား"

ဘုန်းကြီးတို့ ဘုရားသာသနာမှာလဲ တကယ်လုပ်မှ တကယ်ရတာနော်။ ပိဋကတ်သုံးပုံ အာဂုံရဆောင်ထားနိုင်ပေမဲ့ ကိုယ်တိုင်မကျင့်နိုင်ရင် တရားရပါ့မလား။

"မရနိုင်ပါဘုရား"

လိုက်နာကျင့်သုံးရဦးမယ် ဟုတ်လား။

http://www.dhammadownload.com



ဒီကနေ့ တရားကိုလိုချင်ရင် ဒီနေ့ လိုက်နာကျင့်သုံးနိုင်ရင် မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို မျက်မှောက်ပြုနိုင်ပါသည်တဲ့။ ခုတ်ကြီးလေး ပါးမှာ တစ်ပါးပါးသောက်ကို ပိုင်ပိုင်နိုင်နိုင် နှလုံးသွင်းနိုင်၊ ရှုမှတ်နိုင်လို့ရှိရင် ဒီသိတဲ့ အသိဉာဏ်ဟာ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ပါ တယ်တဲ့။ ဒါဆိုရင် ကျင့်ဖို့ အရေးကြီးတာ ပေါ့နော်။ ကျင့်ဖို့ဆိုတာလဲ သိပြီးမှ ကျင့်လို့ရ တာနော်။ မသိဘဲ ကျင့်ရင့်လဲ မှားယွင်းတတ် ပြန်တယ် ဟုတ်လား။ ဘုရားရှင်က ပြောပါ တယ်။ "ဝိဇ္ဇာစရဏ သမ္ပန္နော"တဲ့ သိပြီးမှ ကျင့်သုံးသော ပုဂ္ဂိုလ်သည် မဂ်ဉာဏ်ဖိုလ်ဉာဏ် ကို မျက်မှောက်ပြုနိုင်သည်တဲ့။ ဝိဇ္ဇာနဲ့ စရဏ ဒီလိုပြောတယ်နော်။ ဝိဇ္ဇာဆိုတာက သိတာ။ ဘာကို သိတာလဲဆိုရင် ရုပ်ကို သိတယ်၊ နာမ်ကိုသိတယ်၊ ခန္ဓာကိုယ် ဖြစ်တာကို သိတယ်၊ ပျက်တာကို သိတယ်။ ဖြစ်ပြီး ပျက်စီးနေတဲ့ သဘောကလေးတွေကို ထိုးထိုး ထွင်းထွင်း ဉာဏ်ကလေးနဲ့ မြင်နေတာ။

http://www.dhammadownload.com


အဲသလို မြင်တဲ့သဘောကို ဝိဇ္ဇာ နော်။ အဲဒီ မြင်တဲ့အတိုင်းကို သတိထား။ ဝီရိယစိုက်ပြီး ပညာဖြင့် အားထုတ်နေတာက စရဏ ဟုတ်ပြီလား။ ကျင့်သုံးတာက စရဏ။ ဒါဆိုရင် သိလို့ ကျင့် ၂လား။ မသိဘဲ ကျင့်ရမှာလား။

"သိလို့ကျင့်ရမှာပါဘုရား"

ဒါဆိုရင် ဘုန်းကြီးတို့ ဒကာဒကာမတွေမှာ ဆရာကောင်း သမားကောင်းတွေမှာ ဥပနိဿယလေးတွေ ယူပြီးတော့ ကျင့်သုံးရင် ခန္ဓာအရှိကို အရှိအတိုင်း မတွေ့နိုင်ဘူးလား။ တွေ့နိုင်သလား။

"တွေ့နိုင်ပါတယ်ဘုရား"

အရေးကြီးတယ်နော၊ အရေးကြီးပါတယ်။ တရားအားထုတ်တယ်ဆိုတာ သူတစ်ပါးအကျိုးလား၊ ကိုယ့်အကျိုးလား။

"ကိုယ့်အကျိုးပါဘုရား"

ဘယ်သူ့လမ်း ဘယ်သူက ထွင်တာ။

"ကိုယ့်လမ်း ကိုယ်ထွင်တာပါဘုရား"

ကိုယ့်လမ်း ကိုယ်ထွင် မဂ်လမ်းဝင်၊

http://www.dhammadownload.com



ပြေးလျှင် နိဗ္ဗူတာတဲ့။ ကိုယ့်လမ်းကိုယ်ထွင် ရပါတယ်။ ကိုယ့်လမ်း ကိုယ်လျှောက်ကြရပါ တယ်။ နောက်က ဘယ်သူမှ မပါဘူးနော်။

'လာတုန်းကလဲ၊ တစ်ယောက်ထဲနော်၊ လက်တွဲခေါ်ကာ၊ ဖော်မပါဘူး၊ ဥစ္စာအချည်းနှီး၊ ကိုယ်အထီးတည်း။

ပြန်သွားတော့လဲ၊ တစ်ယောက်ထဲနော်၊ လက်တွဲခေါ်ကာ၊ ဖော်မပါဘူး၊ ဥစ္စာအချည်းနှီး၊ ကိုယ့်အထီးတည်း' လို့ မပါဘူးလား။

"ပါပါတယ်ဘုရား"

'ကိုယ်လုပ်သောကံ၊ ကိုယ်သာခံ၊ မြန်မြန်ဆိုက်ရောက်မှာ' ကိုယ်လုပ်သောကံကသာ ကိုယ့်ကို ကျေးဇူးပြုရမှာနော်။ အရေးကြီးတာက အပါယ်တံခါးပိတ်ဖို့ လိုပါတယ်။ အဓိက ဘာဖြစ်ဖို့ လိုပါလိမ့်။

"အပါယ်တံခါး ပိတ်ဖို့ပါဘုရား"

ယခုလို ဗုဒ္ဓသာသနာတော်မြတ်မှာ တစ်မဂ်တစ်ဖိုလ်မှ မရရင် လူဖြစ်ကျိုး ရှုံးတယ်ဗျာ။ နားလည်တယ်နော်။ ဘာကြောင့်လဲ

http://www.dhammadownload.com



ဆိုတော့ သာသနာတော်မြတ်မှာ လူဖြစ်ဖို့ ဆိုတာ ခက်သလား လွယ်သလား။

“ခက်ပါတယ်ဘုရား”

ခက်တယ်နော် ဘုရားကလေ–

‘လူ့ဘဝဟာ ဖြစ်ဖို့ရာ လွန်စွာ ခက်ခဲသည်၊

ခက်ခဲလှစွာ ဘဝဟာ ဖြစ်ကာနေရပြီ၊

သာသနာတွင်းမှာ တွေ့ဖို့ရာ လွန်စွာ ခက်ခဲသည်၊

ခက်ခဲလှစွာ အခွင့်ဟာ ခွင့်ခါကြုံတော့သည်၊

သူတော်ကောင်းတရား ကျင့်ဖို့ရာ လွန်စွာ ခက်ခဲသည်၊

ခက်ခဲလှစွာ တရားဟာ ကျင့်ကာနေရပြီ’

ကျင့်သုံးနိုင်ဖို့ အခွင့်အရေးဆိုတာလဲ သိပ်ခက်တယ်တဲ့။ ပရိသတ်များ ဟုတ်လား။ အဲဒီအခက်ခဲလေးတွေကို ကျော်မြောက်ပြီးတော့ အခု ကျင့်သုံးခွင့်တွေ ရနေတယ်၊ မကောင်း

http://www.dhammadownload.com



ဘူးလား။

"ကောင်းပါတယ်ဘုရား"

ဘယ်သူ့အဆုံးအမကို ကျင့်သုံးခွင့်ရတာ။

"ဘုရားရှင်ရဲ့ အဆုံးအမပါဘုရား"

ဘုရားရှင် ကိုယ်တော်မြတ်ကြီးက ဆုံးမလိုက်တာက "ပရိသတ်လေးပါး အိုချစ်သားချစ်သမီးတို့၊ သင်တို့သည် ငါဘုရား၏ စကားတော်မြတ်တို့ကို အမြဲမပြတ် ကျင့်သုံးကြကုန်သည်ရှိသော် အပါယ်လေးဘုံက လွတ်မြောက်မယ်"တဲ့။ ဘယ်သူ့အဆုံးအမကို လိုက်နာရင်–

"ဘုရားရှင် အဆုံးအမကိုပါဘုရား"

ငါဘုရား ဆုံးမတော်မူတဲ့ အဆုံးအမတရားလေးတွေ၊ အကုသိုလ်တရားလေးတွေကို ရှောင်ကြဉ်ပြီး ကုသိုလ်တရားလေးတွေကို ကြိုးစားကြမယ်ဆိုရင်၊ အားထုတ်ကြမယ်ဆိုရင် အပါယ်တံခါး ပိတ်ပါလိမ့်မယ်တဲ့။ မကျင့်ရင်တော့ မပိတ်ဘူးနော်။

ဘုရားရှင်က ငါဘုရားသာသနာတော်

http://www.dhammadownload.com



မှာ ငါဘုရားနဲ့ တွေ့တော့ တွေ့ပါရဲ့။ ငါဘုရားရဲ့ သက်န်းစွန်နောက်ကို လိုက်ပြီးနေရုံနဲ့ ငါဘုရား အဆုံးအမတရားတွေကို မလိုက်နာ မကျင့်သုံးဘူးဆိုရင် ငါဘုရားအနားမှာ နေပင်နေငြားလည်း ငါဘုရားနဲ့ ဝေးပါတယ်တဲ့။

အကြင်ပုဂ္ဂိုလ်သည် ငါဘုရား ဆုံးမတော်မူအပ်သော တရားဓမ္မတွေကို လိုက်နာကျင့်သုံးရင် ထိုပုဂ္ဂိုလ်သည် ငါဘုရားနဲ့ နီးပါတယ်တဲ့။ ဘာနဲ့ နီးလို့လဲဆိုရင်

တရားနဲ့နီးလို့ ဘုရားနဲ့နီးတယ်။

ဒါဆိုရင် ခု တရား အားထုတ်နေကြတဲ့ ကျုပ်တို့ ဒကာဒကာမတွေ ဉာဏ်တော်ဘုရားမှာ ပရိနိဗ္ဗာန် မစံသေးဘူးပေါ့နော်။ ခန္ဓာဘုရားကတော့ ပရိနိဗ္ဗာန်စံပြီးပြီ။ ကျုပ်တို့အတွက် ဒီတရားတွေ ရဖို့အတွက် သာသနာ ကျန်နေသေးတယ်နော်။ ဟုတ်လား။

ဘုရားသာသနာတော်နဲ့ တွေ့တယ်ဆိုတာ တရားအားထုတ်မလို့၊ သံဃာတော်တွေ ရှိနေတာဟာ တရားအားထုတ်မလို့၊ ဟောဒီ

http://www.dhammadownload.com



'နား'ဟာ တရားနာဖို့အတွက်နော်။ ဟောဒီခန္ဓာကိုယ် တည်တံ့နေတာဟာ အဝတ်တန်ဆာတွေ လှလှပပ ဝတ်ဖို့အတွက် မဟုတ်ပါဘူး။ တရားထိုင်မလို့။ ဟောဒီပါးစပ်လေးတွေ ရှိနေတာဟာ ပြန်လည်ပြီးတော့ တရားတွေ ဆွေးနွေးမလို့ ဟုတ်လား။ နှလုံးသွင်းတတ်ရင်၊ ဟော ဒီ ပရိသတ် နားလည်တတ်ရင် ဘုရား စကားနား ထောင်နေတာပေါ့။ ဘုရားစကား နားထောင်ရင် အပါယ်တံခါး ပိတ်မယ်၊ နားမထောင်ရင် ကော–

"မပိတ်ပါဘုရား"

အပါယ်တံခါး မပိတ်ရင် သံသရာမှာ တဝဲဝဲလည်လည်နဲ့ လူ့ဖြစ်ကျိုး နပ်ပါ့မလား။

"မနပ်ပါဘုရား"

ကဲ–ဒါဆိုရင် ဒကာဒကာမတွေ၊ ဘုရားက အကုသိုလ်တွေကို ဘာလုပ်ခိုင်းပါလိမ့်။

"ပယ်ခိုင်းပါတယ်ဘုရား"

ကုသိုလ်တရားတွေကို ဘာလုပ်ခိုင်းတယ်။

http://www.dhammadownload.com



"ပွားများခိုင်းပါတယ်ဘုရား"

မိမိရဲ့ စိတ်အစဉ်ကို ဘယ်လမ်းမပေါ်မှာ တင်ခိုင်းတာတဲ့လဲ။

"ဝိပဿနာ လမ်းမပေါ်ပါဘုရား"

ဟုတ်တယ်။ ဝိပဿနာတည်းဟူသော လမ်းမပေါ်မှာ မိမိစိတ်အစဉ်ကို တင်ပို့ထားရတယ်။ ဟော ယခု တရားလေးအားထုတ်ပြီး ငြိမ်ငြိမ်လေးထိုင်တော့ ဝင်လေထွက်လေ ရှုမှတ်တဲ့ခါမှာ သတိလေး ကိန်းနေတယ်။ သတိမဂ္ဂင်ပေါ့။ ထပ်ဆင့်ထပ်ဆင့်ပြီး ကြိုးစားနေတာက သမ္မာဝါယမဂ္ဂင် ဖြစ်နေတယ်။ ဒါဆိုကမ္မဋ္ဌာန်းအာရုံပေါ်မှာ စိတ်ကလေးစူးစိုက်ပြီး တည်ငြိမ်နေတာက သမာဓိမဂ္ဂင်နော်။ ဒါဆိုရင် မိမိခန္ဓာကိုယ်ထဲမှာ အကဲခတ်ပြီး သုံးသပ်နေတဲ့ ဉာဏ်၊ ဝင်လေထွက်လေပေါ်မှာသော်လည်းကောင်း၊ ဒါမှမဟုတ် ခန္ဓာကိုယ်ထဲက ဖောက်ပြန်နေတဲ့ နေရာလေးမှာ အကဲခတ်ပြီး သုံးသပ်နေတဲ့ ဉာဏ်လေးက သမ္မာသင်္ကပ္ပမဂ္ဂင်၊ အဲဒါပညာ နားလည်ပြီနော်။ ဒါဆိုရင် ဘယ်အာရုံ

http://www.dhammadownload.com



လေး ပေါ်ပေါ်၊ ပေါ်လာတဲ့ အာရုံလေးဟာ ဖြစ်ပေါ်ပြီးတော့ ပျက်စီးနေတာကို မတွေ့ရဘူးလား။ ရှူသွင်းလိုက်တဲ့ ဝင်လေလေးကအစ ကြည့်နေရင်းနဲ့ ပေါ်လာပြန်ပြီ၊ ပျောက်သွားပြန်ပြီနဲ့ ဖြစ်ပေါ်ပြီးတော့ ချုပ်ချုပ်သွားတာ၊ ဒါတွေကို မြင်အောင် ကြည့်ရမယ်နော်။ (ဖြစ်ပျက်) ၂ လို့ ရမ်းပြီး ရှုရတာ မဟုတ်ဘူး။ ရှုမှုလေး ပေါ်လာပြီး ပျောက်သွားတာလေးတွေကို ဉာဏ်နဲ့ သိနေရမှာ။ ဘာနဲ့ သိနေရမှာတဲ့လဲ။

"ဉာဏ်နဲ့ သိနေရမှာပါဘုရား"

ဉာဏ်အာရုံနဲ့ အကဲခတ်စိုက်ပြီး ကြည့်နေရတယ်။ ပေါ်ပြီး ပျောက်သွားလိုက်၊ ပြန်ပြီး ပေါ်လာလိုက်၊ ပျောက်လိုက်၊ ပေါ်လိုက်နဲ့။ ပေါ်လာတာဟာ ဖြစ်လာတာ၊ ပျောက်သွားတာဟာ ပျက်သွားတာ။ ဟော ခန္ဓာကိုယ်လေးကို သတိထား အကဲခတ်ပြီး သမာဓိအရှိန်အဝါနဲ့ စိုက်ပြီး ကြည့်နေရင် ဖျက်ခနဲ ဖျက်ခနဲနဲ့ ပေါ်နေတာကိုတွေ့မယ်၊ ဟုတ်ကဲ့လား။ အဲသ

http://www.dhammadownload.com



လို တဖျတ်ဖျတ်နဲ့ (ဖျောက်ခနဲ) ၂ ပျောက် သွားတာကို မြင်ရင် အဲဒါ ဖြစ်တာပျက်တာကို တွေ့တာပဲ။ အကြမ်းစားလေးပေါ့နော်။

အဲဒီကနေပြီး ပိုပြီး သမာဓိအား ကောင်းလာရင် အို ဘယ်အချိန်ကြည့်ကြည့် တစ်မှတ်ချင်း တစ်မှတ်ချင်း အာရုံတိုင်း အာရုံတိုင်းမှာ မလွတ်စေဘဲ အကုန်သိနေတာ၊ တစ်လုံးချင်း မြင်နေတာ ဘာရှိတဲ့ ပုဂ္ဂိုလ်တဲ့လဲ။

"သမာဓိရှိတဲ့ ပုဂ္ဂိုလ်ပါဘုရား"

သမာဓိရှိတဲ့ ပုဂ္ဂိုလ်က ထိုးထွင်းပြီး မြင်နေတာ။ သမာဓိ မရှိသေးတဲ့ခါကျတော့ မမြင်နိုင်သေးဘူး ဟုတ်လား။ အင်း ဒီတော့ သမာဓိရှိဖို့ကိုလဲ ကြိုးစားနေကြရတယ် မဟုတ်လား။ ကျုပ်တို့ ဒကာဒကာမတွေဟာလဲ ယောဂီတွေဆိုတော့ သမာဓိရှိအောင် မကြိုးစားရဘူးလား။

"ကြိုးစားရပါတယ်ဘုရား"

ကြိုးစားနေတုန်းမှာ ဝေဒနာနဲ့လဲ အများကြီး မတွေ့နိုင်ဘူးလား။

http://www.dhammadownload.com



## "တွေ့နိုင်ပါတယ်ဘုရား"

ဝေဒနာနဲ့ တွေ့ပြီး တချို့ယောဂီများဆို အင်း အင်းနဲ့ အော်ရထိလဲ ဒုက္ခဝေဒနာတွေကို တွေ့တတ်ပါတယ်။ သို့သော်လည်း မလျှော့ရပါဘူး၊ တင်းထားရတယ်။ ဝီရိယကို တင်းထားရတယ် ဟုတ်လား။

မျက်စိမှိတ်ပြီး ရှုမှတ်လို့ ဝေဒနာများများပေါ်ရင် မျက်စိလေး အနည်းငယ်ဖွင့်ပြီးတော့ အဲဒီ နာတဲ့နေရာ၊ ဒါမှမဟုတ် အပြင်းထန်ဆုံး၊ အထင်ရှားဆုံးနေရာ၊ အဲဒီနေရာမှာ စိတ်ကလေးညွတ်ပြီး စူးစိုက်ထားနော်။ သတိနဲ့ထောက်ထား ဟုတ်လား။ ဒါဝိပဿနာ ရှုကွက်ကို ပြောနေတယ်။ စိုက်ပြီးတော့ နားထောင်ထားကြ။ စူးစိုက်ဖြီး နားထောင်တတ်လို့ရှိရင် နားလည်ပြီး ကျေးဇူးများပါတယ်။ တရားနာလို့ရှိရင် ပျံ့ကျဲ မနာရပါဘူး။ ပျံ့ကျဲ နာလို့ရှိရင် နားမလည်တော့ တရားရှုမှတ်တဲ့ခါ မမှတ်တတ်ပါဘူး။ မမှတ်တတ်တော့ သမာဓိလဲ မဖြစ်ပါဘူး။ ဒါကြောင့် တရားနာတဲ့အခါ

http://www.dhammadownload.com



နားက တရားနာထားပါ၊ ဥစ္စာက ခန္ဓာကိုယ်ထဲမှာ အကဲခတ်ထားပါ ဟုတ်လား နားလည်ပြီနော်။

ဒါဆိုရင် ဒကာဒကာမတွေ ခန္ဓာက ဖောက်ပြန်နေတယ် ဆိုကြပါစို့။ နာနေတယ်ဆိုရင် နာတဲ့နေရာ၊ ထုံတယ်ဆိုရင် ထုံတဲ့နေရာကို စိတ်ကလေးက ညွှတ်ပြီး ကြည့်ရင် ထင်ရှားနေတာပေါ့။ အဲဒီထင်ရှားနေတဲ့ နေရာကို စူးစိုက်ပြီး အကဲခတ်နေရင် ထင်ရှားနေတဲ့ နေရာကလေးဟာ ဖျတ်ခနဲ ဖျတ်ခနဲ ဖောက်ပြန်နေတာလေးကို တွေ့မယ်။ အဲဒါဟာ ရုပ်တရားပဲ။ ဖောက်ပြန်နေမှန်း သိသိနေတာက နာမ်တရားပေါ့။

ဒါပေမဲ့ အဲဒီရှုမှတ်နေချိန်မှာ ဒါဟာ ရုပ်ပဲ၊ ဒါဟာ နာမ်ပဲလို့ မခွဲရပါဘူး။ ဖောက်ပြန်တာကို ဖောက်ပြန်နေမှန်း သိနေရုံပါပဲ။ အဲဒီလို သိသိနေရင်းနဲ့ ထပ်ဆင့် ထပ်ဆင့် ကြည့်တဲ့အခါ ပြောင်းလဲနေတာလေးကို တွေ့အောင် ကြည့်၊ နားလည်တယ်နော်။ (တစ်ခုချင်း) ၂

http://www.dhammadownload.com



တဖျတ်ဖျတ် ပြောင်းလဲနေတာလေးကို တွေ့ပါစေ။ တစ်ခါတစ်ရံ ဝင်လေထွက်လေ သိပ်မြန်ရင်လဲ ပြောင်းလဲနေတာကို မမြင်ပါဘူး။ အဲဒီအချိန်မှာ မထင်ရှားလို့ ပျင်းရိတဲ့စိတ်တွေ ပေါ်တတ်ပါတယ်။ နားလည်တယ်နော်။

တစ်ခါတစ်ရံမှာ ဇောစိတ်တွေများပြီး ရလိုတဲ့စိတ်၊ လိုချင်တဲ့စိတ်တွေ များပြီး ခန္ဓာကိုယ်ထဲမှာ ဖြစ်တာပျက်တာ မတွေ့ဘဲလဲ ဖြစ်နေတတ်ပါတယ်။ လောကြီးနေလို့ ဇျာများနေလို့ပေါ့။ ဒါကြောင့် တရားမှတ်တဲ့အခါ အဲဒီ ပေါ်နေတဲ့နေရာ(ရှင်းအောင် ပြောနေတယ်နော်)ကို ပဌမ သတိနဲ့ ထောက်ပြီးတော့ ဉာဏ်လေးနဲ့ ထပ်ဆင့် ထပ်ဆင့် ကြည့်တဲ့ခါ ဝင်လေ ထွက်လေ ပုံမှန်လေး ရှူထားပါ။ တစ်ခါတစ်ရံ ဖောက်ပြန်မှုတွေဟာ များလွန်းနေတတ်လို့ ဘယ်နေရာကို ရှုရမှန်း မသိဖြစ်နေတတ်ပါတယ်။ အဲသလို ဖြစ်နေတဲ့အခါ ဘယ်အနားက အများကြီး ပေါ်နေသလဲ။

http://www.dhammadownload.com



အများဆုံးဖြစ်တဲ့ နေရာမှာ စိတ်ကလေးကို ညွတ်ပြီး စိုက်ကြည့် ဟုတ်သား။ ကြည့်တဲ့အခါ ကျတော့ အဲဒီဖောက်ပြန်မှုလေးတွေဟာ (တစ်လုံးချင်း) ၂ ပြောင်းလဲနေတာလေးကို မြင်လိမ့်မယ်။ ချုပ်ပျောက်နေတဲ့ အမူအရာ လေးတွေ ပြောင်းလဲနေတဲ့ အမူအရာလေး တွေ တဖျက်ဖျတ်နဲ့ မြင်အောင်ကြည့်။ ပထမ နာတာကျင်တာ သိတာက သတိပဋ္ဌာန် ဘာဝနာ၊ သမထဘာဝနာကနေ ဝိပဿနာ ဘာဝနာ ကူးပုံလေးကို ပြောနေတယ်။ နာတာ ကျင်တာ ကိုက်တာ ခဲတာကို သိတာက သတိပဋ္ဌာန်၊ အဲဒီသိတာလေးပေါ်မှာ အသိ ဉာဏ်လေး ပြန်ဆင့်၊ ဘယ်ပေါ်မှာ အသိဉာဏ် ဆင့်ရမယ်။

"သိတာလေးပေါ်မှာပါဘုရား"

အသိခံဖြစ်တဲ့ နေရာမှာ အသိဉာဏ်လေး ပြန်ဆင့်၊ (ထပ်ဆင့်) ၂ ကြည့်ကြည့်တဲ့ခါ (တစ်လုံးချင်း) ၂ ပြောင်းလဲနေတာလေး တွေ့ အောင်ကြည့်၊ နားလည်ပြီနော်။ အဲသလို

http://www.dhammadownload.com



ကြည့်နေရင်း (တစ်လုံးချင်း) ၂ ဖြစ်ပျက်နေတာကို မြင်ရင်၊ ဝိပဿနာလမ်းမပေါ် ရောက်ပြီနော်။ ဒါဆိုရင် ခန္ဓာရဲ့ ဖြစ်ပြီး ပျက်စီးနေတဲ့ သဘော လက္ခဏာလေးကို မတွေ့သေးဘူးဆိုရင် လမ်းမမှန်သေးဘူး။ နားလည်တယ် မဟုတ်လား။ ထိုင်တာဟာ ခရီးမရောက်သေးဘူး။ ဒါကြောင့် ခန္ဓာထဲမှာ ဖြစ်ပြီး ပျက်စီးနေတဲ့ သဘော လက္ခဏာကို တွေ့ရင် ဝိပဿနာဉာဏ်ဖြစ်ပြီ၊အနိစ္စဆိုတာ မမြဲ၊ အကြမ်းအားဖြင့် မမြဲတဲ့သဘောကို (ထပ်ဆင့်) ၂ တကယ် မမြဲလား ပြန်ကြည့်ရတယ်နော်။ အနိစ္စ နုပဿနာဉာဏ်ပေါ့။ ဒီအနိစ္စလေးတစ်ချက်ကို ဘုန်းကြီး ပြောပေးနေတယ်။ အလုပ်ပေးတရားနော်။ အနိစ္စဆိုတာ မမြဲဘူး။ ငြိမ်ငြိမ်လေး ထိုင်ကြည့်တော့ တရှရှ တလှုပ်လှုပ် ဖြစ်နေတာ မြဲလို့လား မမြဲလို့လား။

"မမြဲလို့ပါဘုရား"

အဲဒီလို တကိုယ်လုံးမှာ ပေါ်နေတော့ အများဆုံး ပေါ်တဲ့နေရာလေးမှာ စိတ်ကလေး

http://www.dhammadownload.com



ညွတ်ပြီး ကြည့်၊ အစဉ်တစိုက် တရွရွ တမွမွ ဖြစ်နေတာလေးကို စူးစိုက်ပြီးကြည့်နေလို့ ထိုးထိုးထွင်းထွင်း မြင်တတ်တဲ့ဉာဏ်ကို -

အနိစ္စာနုပဿနာလို့ ခေါ်တယ်။ ဘယ်ပေါ်မှာ သိတာလဲလို့ မေးရင် ဖောက်ပြန်နေတဲ့ ခန္ဓာပေါ်မှာ။ ရှင်းတယ်မဟုတ်လား။

ဘယ်နေရာမှာ ပေါ်နေသလဲဆိုရင် တကိုယ်လုံးမှာ ပေါ်ချင်တဲ့ နေရာမှာပေါ်နော်။ ခန္ဓာတကိုယ်လုံးဟာ ဖောက်ပြန်တတ်တဲ့ နေရာတွေချည်းပဲ။ သို့သော် တစ်ခါတစ်ရံ ကျတော့လဲ ပြောင်းလဲမှု မြန်ဆန်လွန်းနေတတ်တယ်။ ဘယ်လိုပဲဖြစ်ဖြစ် ပြောင်းလဲတဲ့ သဘောလေးတွေနဲ့ သိသိနေတဲ့ သဘောလေးတွေပဲ ရှိတယ်။

ဒါဆိုရင် အဲဒီပြောင်းလဲတဲ့ သဘောလေးတွေက ရူပက္ခန္ဓာမဟုတ်လား၊ အဲဒီပြောင်းလဲတဲ့ သဘောလေးတွေကို သိသိနေတဲ့ သိမှုလေးတွေက သညာက္ခန္ဓာလို့ခေါ်တယ်။ အော် ဒါဆိုရင် ဟိုနားက ပေါ်ပြန်ပြီ ဒီနားက

http://www.dhammadownload.com



ပေါ်ပြန်ပြီလို့ သိသိပြီး တစ်သိပြီးတစ်သိ ကြိုးစားနေတာက သခါရက္ခန္ဓာ ဟုတ်လား။ သိပြီးတော့ ဒါပေါ်နေတာကိုးလို့ မိုင်မှိုင်နှိုင်း နိုင်ကြီး ထိထိမိမိ သဘောပေါက် နားလည် နေတာက ဝိညာဏက္ခန္ဓာ ဟုတ်ပြီလား။ ဒီလို ခန္ဓာငါးပါးကို စွဲလို့လဲ ရတယ်နော်။ ဘယ်လိုပဲ ပြောပြော ဒီခန္ဓာကိုယ်ကြီးက ဖောက်ပြန်မှု သဘောရှိတဲ့ ခန္ဓာကိုယ်ကြီး၊ ဝိပရိဏာမ လက္ခဏာ၊ ဘယ်လိုပြောတယ်။ လက္ခဏာနဲ့ ပြောရင် ဝိပရိနာမလက္ခဏာ။ သစ္စာနဲ့ပြောရင် ဒုက္ခသစ္စာ၊ ဒီလိုပြောတယ်နော်။ ဘုရားရှင် ကလေ လိုရင်းပြောရင် ဒီခန္ဓာကြီးဟာ ဒုက္ခ သစ္စာလို့ ပြောတယ်နော် ဘာသစ္စာတဲ့လဲ။

"ဒုက္ခသစ္စာပါဘုရား"

ဘာသဘောရှိတယ်။

"ဗိပရိနာမ သဘောရှိပါတယ် ဘုရား"

ဟုတ်တယ်။ နဂိုခံ့ခိုင် မတည်နိုင်ဘဲ ဖောက်ပြန်ယိုင်ပျက်စီးခြင်းသဘော (ဝိပရိ နာမထော)သည် ဒုက္ခ၊ ဒုက္ခသစ္စာသည်။

http://www.dhammadownload.com



ဟောတိ၊ ဖြစ်၏။

နဂိုခံခိုင် မတည်နိုင်ဘဲ၊ ငြိမ်ငြိမ်လေး မနေနိုင်ပါဘဲနဲ့ ဟိုက ဖောက်ပြန်ပြ၊ ဒီက ဖောက်ပြန်ပြပြီး အမျိုးမျိုးနှိပ်စက်နေတဲ့ သဘောကို ဘာသစ္စာတဲ့လဲ။

"ဒုက္ခသစ္စာပါဘုရား"

ဘယ်သူက ပြောနေတာ။

"ခန္ဓာကပါဘုရား"

သူများက ပြတာလား၊ ခန္ဓာက ပြတာ လား။

"ခန္ဓာက ပြတာပါဘုရား"

ဒီဘုန်းကြီးက ပြတာလား၊ ခန္ဓာက ပြတာလား

"ခန္ဓာက ပြတာပါဘုရား"

ဒကာဒကာမတွေ တရားမှတ်နေတယ်။ ဒီဘုန်းကြီးနဲ့ ဆိုင်သလား။

"မဆိုင်ပါဘုရား"

ဒီဘုန်းကြီးက ဘေးက အကူအညီပေး ရုံပဲ။ ညွှန်ပြနိုင်ရုံပဲ။ ညွှန်ပြနေတာ ပြောပြနေ

http://www.dhammadownload.com



တာ သဘောပေါက်နားလည်အောင်သာ ပြောပြနိုင်တာ။ ရှေ့ဆက်မှတ်လိုက်၊ ဝီရိယတွေ မလျော့စေနဲ့ ကြိုးစားထား ဆိုပြီးတော့ ဝီရိယ တွေ တင်ပေးနေတာ ဟုတ်လား။ တွန်းပေးနေ တာနော်။ ဘာဖြစ်စေချင်လို့လဲဆိုရင် တရား တွေ့စေချင်လို့။ တစ်ခါတလေ ယောဂီက ပျင်းနေပြန်ပြီ၊ မျက်စိဖွင့်ပြီး ဟိုကြည့် ဒီကြည့်။ တစ်ခါတလေ စိတ်ကူးယဉ်နေတာ၊ စိတ် တွေက ဟိုရောက်ဒီရောက်နဲ့။ ဘုန်းကြီးက သတိပေးနေရတယ်။ ဘယ်မှာ ပေါ်နေတာလဲ ဆိုရင် ခန္ဓာမှာ ပေါ်နေတာ၊ ဘယ်ခန္ဓာမှာလဲ ဆိုရင် ရုပ်ခန္ဓာလား၊ နာမ်ခန္ဓာလား။

"နာမ်ခန္ဓာမှာပါဘုရား"

ဒီစိတ်တွေကို ဘာနဲ့ထိန်းရမလဲဆိုရင် သတိနဲ့ထိန်းရမယ် ဟုတ်လား။ ယောဂီတွေ သတိနည်းနေလို့ ဘုန်းကြီးက ရှေ့က ထိန်း ပေးနေတာ၊ ရှေ့နေလိုက် ပေးနေရတာ။ ဘာနိုင် အောင်လို့။ အမှုအောင်လို့နော်။

ဘာအမှုအောင်လဲဆိုရင်၊ သံသရာအမှု။

http://www.dhammadownload.com

## ၃၂ အမြတ်ဆုံးကုသိုလ် ရစေလိုတရားတော်

ဒကာဒကာမတွေ သဘောပေါက်ပြီ လား၊ ခင်ဗျားတို့ သန္တာန်ထဲမှာ လောဘက လဲများ၊ ဒေါသကလဲများ၊ မောဟကလဲ တပုံကြီး။ နည်းနည်းလား၊ အများကြီးလား။

"အများကြီးပါဘုရား"

ဗိုက်ထဲမှာ ပြည့်နေတာနော်။ ဘယ်ကို ပို့မှာတဲ့လဲ။

"အပါယ်ကို ပို့ရမှာပါဘုရား"

ဘယ်ကံတွေက များနေလို့။

"အကုသိုလ်ကံတွေပါဘုရား"

ဘာမျိုးစေ့ ဖြစ်စေမယ်။

"အပါယ်မျိုးစေ့ပါဘုရား"

မျိုးစေ့က အောင်ပြီးသားနော်။ မျက်စိ မှိတ်ရင် သွားမှာပဲ။ ဒါကို သိလို့ ဘုန်းကြီးတို့က မမှတ်ချင်လဲ မှတ်ခိုင်း၊ မထိုင်ချင်လဲ ထိုင်ခိုင်း နေတာဟာ ဒကာဒကာမတွေကို သနားလို့ ပတ်လား။

ဒကာဒကာမတွေဟာ မိုးလင်းကတည်း ကိုက မျက်စိပေါက်မှာဝင်၊ နားပေါက်မှာဝင်၊

http://www.dhammadownload.com



နှာခေါင်းပေါက်မှာဝင်၊ လျှာမှာဝင်၊ ကိုယ်မှာဝင်၊ စိတ်မှာဝင်နဲ့ အာရုံ ၆ ပါးလုံးမှာ လောဘ စိတ်တွေ ၊ဒေါသစိတ်တွေ၊ မောဟစိတ်တွေက အနည်းလား၊ အများကြီးလား။

"အများကြီးပါဘုရား"

ကုသိုလ်ကံနဲ့ အကုသိုလ်ကံ ဘယ်ကံက များတယ်။

"အကုသိုလ်ကံကပါဘုရား"

အကုသိုလ်ကံတွေက ဘယ်ကိုပို့မယ်။

"အပါယ်ကိုပါဘုရား"

ဟုတ်တယ်။ ဒီအကုသိုလ်ကံတွေနဲ့ အပါယ်သွားမှာစိုးလို့ ကုသိုလ်စိတ် များများ ဖြစ်အောင် (မှတ်လိုက်ကြစမ်း) ၂ လို့ ဘုန်းကြီး တို့က တွန်းပေးနေတာ၊ ဝီရိယတွေ တင်ပေး နေတာ နားလည်တယ်နော်။ ဒီကုသိုလ်စိတ်တွေ များများဖြစ်ပြီး အကုသိုလ်စိတ်တွေက အယော သိကံဖြစ်ပြီး မဂ်ဉာဏ် ဖိုလ်ဉာဏ်က ကျေးဇူး ပြုလိုက်ရင်တော့ ဘာတံခါးပိတ်မယ်။

"အပါယ်တံခါး ပိတ်ပါမယ်ဘုရား"

http://www.dhammadownload.com



အပါယ်တံခါး ပိတ်စေချင်လွန်းလို့ ဒီ တရားတွေ ဟောပေးနေတာ၊ တရားရစေချင်လွန်းလို့နော။ ဒီဘုန်းကြီးနဲ့ တွေ့တာဟာ တရားတွေ သဘောပေါက်ပြီး ကျင့်သုံးနှင့်ရပြီဆိုရင် တွေ့ရကျိုးနပ်ပါတယ်။ ဘုန်းကြီးတို့ကလဲ တွေ့ရကျိုး နပ်စေချင်ပါတယ်။ ဒီလိုမှ မဟုတ်ပါဘဲနဲ့ ဆွမ်းပါဘုရား၊ ကျောင်းပါဘုရား၊ သင်္ကန်းပါဘုရား၊ ဆေးပါဘုရားနဲ့ လုပ်နေရင်တော့ ဘုန်ကြီးတို့နဲ့ တွေ့ရကျိုး မနပ်သေးပါဘူး။ ဘာမလုပ်လို့လဲဆိုရင် –

"တရားမလုပ်လို့ပါဘုရား"

ဒါကြောင့် ဘယ်ပုဂ္ဂိုလ်မဆို တရားမှတ်မှ ဘုန်းကြီးတို့က သဘောကျပါတယ်။ အားလဲ ပေးပါတယ်။ လူကြီးတွေကျတော့ တရားလုပ်ချင်ပမဲ့ အသက်ကြီးလာလေ ဘာနဲ့ နီးနီးလာသလဲဆိုရင် တွင်းနဲ့ နီးလာတာ။ 'လူကြီးတော့ တွင်း၊ သစ်ပင်ကြီးတော့ ထင်း၊ ဝက်ကြီးတော့ ဟင်း'တဲ့ ဟုတ်လား။

သက်ကြီးတဲ့ထဲမှာ ရောဂါများရင်

http://www.dhammadownload.com



ဘာနဲ့ ပိုနီးတယ်။

"တွင်းနဲ့ပါဘုရား"

အေး၊ တစ်ရက်ကုန်ပြန် ငါ့ရုပ်နာမ်

သေရန် တစ်ရက်နီးခဲ့ပြီ။

တစ်လကုန်ပြန် ငါ့ရုပ်နာမ် သေရန်

တစ်လနီးခဲ့ပြီ။

တစ်နှစ်ကုန်ပြန် ငါ့ရုပ်နာမ် သေရန်

တစ်နှစ်နီးခဲ့ပြီ။

သတိမထားလို့သာ မေ့နေကြတာ၊ အမှတ်သတိထားရင် တစ်နာရီကုန်ရင် တစ်နာရီ သေခြင်းနဲ့ ပိုနီးလာလာတာ၊ လူ့ပြည်နဲ့ ဝေးလာတယ် ဟုတ်လား။ ခန္ဓာကိုယ်ကြီးမှာ ရုပ်မမွ၊ နာမ်မမွတွေဟာ တစ်ရက်ထက် တစ်ရက်၊ တစ်မိနစ်ထက် တစ်မိနစ်၊ တစ်စက္ကန့်ထက် တစ်စက္ကန့် ပျက်စီးလာနေတာ။ ဇာတိပြီးရင် ဇရာနယ်ပယ်ကို ရောက်ရောက်လာတယ် နော်။ ဇရာနယ်က ဘယ်ကို လှမ်းနေသလဲ ဆိုရင် မရဏနယ်ပယ်ဆီကို လှမ်းနေတယ်။ ဒုက္ခ ဒုက္ခမတွေ ဘယ်ကိုလှမ်းနေတယ်။

http://www.dhammadownload.com



"မရဏာနယ်ပယ်ဆီပါဘုရား"

အဲဒီမရဏာဆိုတဲ့ သေမင်းလက်ထဲကို လှမ်းနေတာနော်။ အဲဒီ သေမင်းလက်ထဲကို မရောက်ခင် ဘုရားရှင်က ဘာတွေကို ကြိုးစားကြလို့ အမိန့်ရှိသလဲဆိုရင် ကုသိုလ်ကောင်းမှု တရားတွေကို ကြိုးစားကြလို့ အမိန့်ရှိတယ်နော ဟုတ်လား။ ဒီတော့ ကုသိုလ်လဲ ကောင်းမှု တရားတွေကို စုရမှာပေါ့နော်။

ကုသိုလ်ကောင်းမှု တရားတို့ကို ဒီအချိန် အခါကာလ သမယဝယ်(ဝါ) သေမင်းနဲ့ ရင်ဆိုင်ခါနီးကာလ မရောက်ခင် ဘာတွေကို စုစည်းရမယ်။

"ကုသိုလ်တရားတွေပါဘုရား"

"ကုသိုလ်တွေကိုစု"တဲ့၊ ဘုရားရှင် ကလေ။ ဘာကုသိုလ်တွေကို စုရမှာလဲဆိုရင် နံပါတ်တစ်အနေအားဖြင့် ဒါနကုသိုလ်တရား ကို မသေခင်လေးမှာ ကြိုးစားကြစမ်းပါတဲ့။ ပြီးတော့ သီလ၊ ၅ ပါးသီလ၊ ၈ ပါးသီလ၊ ၉ ပါးသီလ စသည်များစွာ သီလတို့ကိုလဲ

http://www.dhammadownload.com



သေခါနီး ကာလတိုင်အောင် စောင့်ထိန်းကြကုန်လော့။

'ဘာဝနာ ဘိရတ' သမထ ဘာဝနာ၊ ဝိပဿနာ ဘာဝနာ နှစ်ပါးတို့ဝယ် ဝိပဿနာ ဘာဝနာဟု ခေါ်တဲ့ ခန္ဓာငါးပါး ရုပ်နာမ်ဓမ္မ သင်္ခါရတရားတို့ပေါ်မှာ ဉာဏ်ယှဉ်ပြီး ရှုမှတ်ဆင်ခြင် ပွားများအားထုတ်ပြီးတော့ အနိစ္စ၊ ဒုက္ခ၊ အနတ္တ ထင်အောင် နှလုံးသွင်း ကြိုးစားကြကုန်လော့။ ကျန်းမာစဉ်ချိန်ခါကာလ သမယဝယ် ကြိုးစားကြပြီး သေခါနီး စုစည်းကြကုန်လော့ဆိုပြီး ဘုရားရှင် ကိုယ်တော်မြတ်ကြီးက ကုသိုလ် (၃)မျိုး လုပ်ခိုင်းတယ် မဟုတ်လား။ ဒီတော့ ကုသိုလ်လုပ်ငန်း မဟုတ်ပါဘဲနဲ့ အကုသိုလ် လုပ်ငန်းနဲ့ ပတ်သက်လာလို့ရှိရင် ခုလဲ ရှောင်ရမယ်၊ နောင်လဲ မလုပ်နဲ့တဲ့ ပရိသတ်များ ဟုတ်လား။ သေခါနီးထိ ရှောင်ရှားကြတဲ့။ သဘောပေါက်တယ်နော်။ အကုသိုလ်တရားတွေကို ရှောင်ကြ၊ ကုသိုလ် တရားတွေ ပွားများကြနော်။ ဘာဖြစ်လို့လဲဆိုတော့

http://www.dhammadownload.com



ဘဝသက်တမ်းဆိုတာက တရွေ့ရွေ့နဲ့ ကုန်လာတယ် မဟုတ်လား။ ရက်က လ၊ လက နှစ် ကုန်လာလိုက်တာ နေရမယ့်ရက်နဲ့ ကျန်တဲ့ ရက်တွေနဲ့ ပြန်လည်စဉ်းစားကြည့်ရင် ဒကာ ဒကာမတွေ နေရမယ့်ရက်က နည်းလာတယ် မဟုတ်လား။ ပြန်ဆန်းစစ်ကြည့်ရင် နောက် ထပ် အသက်လေးငါးဆယ် နေရဖို့ဆိုတာ မလွယ်ဘူး။ ဒါကြောင့် တို့တစ်သက်တာ အတွင်းမှာ ပြုလုပ်လာခဲ့တဲ့ ကုသိုလ်ကောင်းမှု လေးတွေ ဘယ်လောက် ပြုလုပ်ပြီး ဘာကုသိုလ် တွေ ပြည့်စုံခဲ့ပြီလဲလို့ သုံးသပ်ရတယ်။

ဒါနနဲ့ ဘယ်လောက်ပြည့်စုံခဲ့ပြီလဲ၊ သီလတရား စောင့်ထိန်းမှုနဲ့ ပတ်သက်ပြီး ဘယ်လောက် စောင့်ထိန်းတတ်ပြီလဲ၊ ခန္ဓာ ကိုယ်ထဲမှာ ဝိပဿနာတရားနဲ့ ပတ်သက်ပြီး ဘယ်လောက် ကျင့်သုံးတတ်ပြီလဲ၊ နှလုံးသွင်း တတ်ပလဲ၊ ဘယ်လောက် ပွားများတတ်ပြီလဲလို့ ပြန်ပြောင်းပြီး နှလုံးသွင်းမိလို့ရှိရင် ကုသိုလ် ကောင်းမှုနည်းတဲ့နှစ်ဟာ အရှုံးထွက်တဲ့နှစ်ပဲ။

http://www.dhammadownload.com



ကုသိုလ်ကောင်းမှု နည်းတဲ့လဟာ အရှုံးထွက်တဲ့ လပဲ။ ကုသိုလ်ကောင်းမှု နည်းတဲ့ရက်ဟာ အရှုံးထွက်တဲ့ ရက်ပဲ မဟုတ်လား။

ဒါကြောင့် ဥပုသ်စောင့်ထိန်းတယ်ဆိုတဲ့ နေရာမှာ ကျုပ်တို့ ပရိသတ်များ သီလမြဲဖို့ လိုတယ်နော်။ ဘာမြဲဖို့ လိုပါလိမ့်။

"သီလမြဲဖို့ပါဘုရား"

အေး၊ သီလမြဲဖို့ ဆိုတာက ကာယကံတွေကို စောင့်ထိန်းရတယ်၊ ဝစီကံတွေကို စောင့်ထိန်းရတယ်။ ဟုတ်လား။ သူတစ်ပါး အကြောင်း မပြောနဲ့၊ သူတစ်ပါးနဲ့ ပတ်သက်တဲ့ စကားလုံး မပြောမိစေနဲ့။ သားကိစ္စ၊ သမီးကိစ္စ၊ စီးပွားရေး၊ လူမှုရေးတွေကို မပြောမိအောင် ရှောင်၊ ပြောရင် သီလပျက်တယ်။ မိမိ မိသားစုအတွက်သော်လည်းကောင်း၊ သူတစ်ပါး မိသားစုအတွက်သော်လည်းကောင်း ပြောမိလို့ရှိရင် သီလပျက်တယ်။ သီလခြေထောက်တွေ၊ လက်တွေ ကျိုးတတ်တယ်။ လက်တွေခြေတွေ ကျိုးတဲ့ ပုဂ္ဂိုလ်တွေဟာ

http://www.dhammadownload.com



ကိုယ်သွားမဲ့ခရီး ရောက်နိုင်ပါ့မလား။

"မရောက်နိုင်ပါဘုရား".

ဟုတ်တယ်၊ ခြေထောက်ရှိမှလဲ သွားလို့ ရသလို လက်ရှိမှလဲ စားစရာသောက်စရာ ဖြစ်ဖြစ် ဘယ်အရာဖြစ်ဖြစ် ယူလို့ရတယ်။ ဒါကြောင့် အနာထပိန် သူဌေးကြီးကို မြတ်စွာ ဘုရားက ဘာပြောသလဲဆိုလို့ရှိရင် ဟောဒီခြေ လက်တို့သည် သဒ္ဓါနဲ့တူတယ်၊ သဒ္ဓါတည်း ဟူသော လက်ပါတဲ့ ပုဂ္ဂိုလ်ဖြစ်ဖို့လိုတယ်။ သဒ္ဓါတည်းဟူသော လက်သည် နှလုံးသား ရဖ်နွှင်ထဲ၌ ကုသိုလ်စိတ်နဲ့ ယှဉ်တွဲတဲ့ စိတ် ကလေးဖြစ်အောင် ပွားများကြကုန်လော့။ ကုသိုလ်ဘာဝနာ အာရုံလေးနဲ့ ပေါင်းသင်းကြ ကုန်လော့။ အကုသိုလ်အာရုံနဲ့ ပေါင်းရင် ပစ္စုပ္ပန်မှာလဲ ဆင်းရဲပြီး၊ သံသရာတစ်လျှောက် လုံးမှာ ဆင်းရဲတွင်းနက်ပြီး သေရင်လဲ သွားရ မဲ့လမ်းဟာ ပဋိစ္စသမုပ္ပါဒ်နဲ့ လှမ်းကြည့်တော့ နံပါတ် (၁) အတိတ်ကနေ ယခု နံပါတ်(၂) ဖြစ်တဲ့ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊

http://www.dhammadownload.com



ဖဿ၊ ဝေဒနာ တရားသည် နံပါတ်(၂) ဒုက္ခသစ္စာပေါ်မှာ ဉာဏ်ဖြင့် အကဲခတ်ပြီး စိတ်ကလေးကို မဆုံးမဘူးဆိုရင် ဝေဒနာ ပစ္စယာ တဏှာဆိုပြီး နံပါတ် (၂)က နံပါတ် (၃) ကူးတယ်မဟုတ်လား။ နံပါတ် (၃) က ဘယ်သူဦးဆောင်သလဲဆိုရင် တဏှာ သမုဒယ၊ ဒုက္ခသမုဒယော ဟုတ်လား။ တဏှာ ခေါင်းဆောင်တော့ လိုချင်တယ်၊ တပ်မက်တယ်၊ စွဲလမ်းတယ်။ လောကကြီးတစ်ခုလုံးမှာ သစ္စာလေးပါး၊ ကံ ကံ၏အကျိုးတွေကို မမြင်အောင် ဖုံးလွှမ်းထားတာက အဝိဇ္ဇာ။ အဲဒီ အဝိဇ္ဇာနဲ့ တဏှာကို အဖော်လုပ်လာခဲ့ကြလို့မို့ ဘုရားအဆူဆူတွေ ပွင့်ပင်ပွင့်ငြားသော်လည်း လွဲခဲ့ရတာ။

ဘာကို မလိုက်နာလို့ ဘာတံခါး မပိတ်တာလဲဆိုရင် ဘုရားရှင်ရဲ့ အဆုံးအမတရားတွေ မလိုက်နာလို့ ဒုက္ခတွေကြားထဲမှာ အမြဲမပြတ် ရှုပ်ပွေပြီးတော့ သံသရာလောကမှာ သောကတွေ ရင်ဝယ်ပိုက်ပြီး ၃၁ ဘုံမှာ

http://www.dhammadownload.com



အဝိုင်းပြေး,မပြေး နေရဘူးလား။

"ပြေးနေရပါတယ်ဘုရား"

ဘယ်သူ့ကို အဖော်လုပ်လာခဲ့လို့။

"တဏှာကိုပါဘုရား"

အဲဒီ လောဘတဏှာ ဥပါဒါန် တရားက ရင့်ကျက်လာလို့ရှိရင် ဒိဋ္ဌိခန္ဓာကိုယ်ထဲမှာ တဏှာ၊ ဥပါဒါန်၊ ကံဆိုပြီး ဝင်,မဝင်။

"ဝင်ပါတယ်ဘုရား"

အဲဒါနဲ့ စုတိစိတ်ကျရင် ဘဝပစ္စယာ ဇာတိ၊ အပါယ်ဇာတိကို ရောက်တတ်တယ်။ အရကောင်းလား အရဆိုးလား။

"အရဆိုးပါဘုရား"

သာသနာတွင်း တရားတွေ နာတော့ နာပါရဲ့။ နာထားတဲ့တရားကို ခန္ဓာကိုယ်ထဲမှာ အားထုတ်မှုမရှိရင် ဘယ်သူက ခေါင်းဆောင် တော့မယ်ဆိုရင် တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝ နော် ဟုတ်လား။

အဲဒီ ကမ္မဘဝက ဖျတ်ခနဲ စုတိစိတ် ကျရင် ဇာတိ ဇရာ မရဏဆိုတော့ ဇာတိရ

http://www.dhammadownload.com



တာနဲ့ အိုမှုခန္ဓာ၊ နာမှုခန္ဓာ၊ အိုမှုနဲ့ နာမှုကြားမှာ သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသ ဆိုတဲ့ တရားတွေ မရဘူးလား။ ဇာတိရှိတဲ့ ပုဂ္ဂိုလ်တိုင်း ဇရာမရဏ ရှိပြီးသား မဟုတ်လား။ ဇရာမရဏရှိတဲ့ ပုဂ္ဂိုလ်မှာ စိတ်ပင်ပန်းမှု စတဲ့ သောကတွေ မရှိရဘူးလား။

"ရှိပါတယ်ဘုရား"

ငိုကြွေးရမှုဆိုတဲ့ ပရိဒေဝဆိုတာ မရှိဘူးလား။

"ရှိပါတယ်ဘုရား"

ကိုယ်ပင်ပန်းမှုဆိုတဲ့ ဒုက္ခတွေ မဖြစ်ရဘူးလား။

"ဖြစ်ရပါတယ်ဘုရား"

ပြင်းစွာ စိတ်ပင်ပန်းမှုဆိုတဲ့ ဒေါမနဿတွေ မဖြစ်ရဘူးလား။

"ဖြစ်ရပါတယ်ဘုရား"

ပြင်းစွာ ပူလောင်မှုဆိုတဲ့ ဥပါယာသတွေ မဖြစ်ရဘူးလား။ အဲဒီ သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသဆိုတဲ့ ၅ ပါးတို့

http://www.dhammadownload.com



သည်တဲ့ ဇရာနဲ့ မရဏကြားမှာ ရှိပါတယ်တဲ့။

အဲဒီဇာတိရှိတာနဲ့ အိုလာတဲ့ ခဏလေး ကြားမှာ နာလာတယ်။ အဲဒီနာကျင်ကိုက်ခဲမှု ဖြစ်ပေါ်နေတဲ့ ပုဂ္ဂိုလ်ရဲ့ သန္တာန်ထဲမှာ သောကဆိုတဲ့ အာရုံ မလာဘူးလား။ ဘုန်းကြီးတို့ ခဏခဏ ဟောဖူးပါတယ်။ ဘာတဲ့

ကိလေကာမ ကျယ်စွာပင်လယ်

မျောပါနေရ ခန္ဓာ့လှေငယ်

သောက ဒေါသ မောဟနယ်ပယ်

လှိုင်းဂယက် ရိုက်ချက်ခံရတယ်။

လှိုင်းဒဏ် လေဒဏ်တွေခေါ်တဲ့ သောကတွေ ရိုက်ခတ် မခံရဘူးလား။ အဲဒီလှိုင်းဒဏ် လေဒဏ်ကို ရိုက်ခတ်ခံရတဲ့ လှေငယ်ဟာ ဘာနဲ့ တူသလဲဆိုရင် ခန္ဓာနဲ့ တူတယ်နော်။ ၃၁ ဘုံက ဘာနဲ့တူ။

ပင်လယ်သမုဒ္ဒရာကြီးနဲ့ တူတယ်တဲ့။

အဲဒီ ပင်လယ်သမုဒ္ဒရာကြီးထဲမှာ ဘုန်းကြီးတို့ ဒကာဒကာမတွေဟာ မျောပြီးတော့ လာလိုက်ကြတာ ခု ဘာကမ်းကပ်နေတယ်။

http://www.dhammadownload.com



လှူဘာဝ လှူခန္ဓာနဲ့ လှူကာမ်း ခဏ ကပ်နေပါတယ်။

ခဏနော်။ အမြဲတမ်းနေရမယ် မမှတ်နဲ့၊ ခဏပဲ ကပ်နေတာ။ နိုင်ငံခြားလှည့် သင်္ဘောတွေလို့ပေါ့။ ဟိုမြို့ကပ် ဒီမြို့ကပ်ပြီး လိုတာယူ မလိုတာချသလို ဉာဏ်ပညာရှိတဲ့ အမြော်အမြင် ရှိတဲ့ ပုဂ္ဂိုလ်တွေဟာ အမြတ်များများရအောင် လုပ်ကြပေမဲ့၊ ကုသိုလ်တရား များများလုပ်ကြ ပေမဲ့ အမြော်အမြင်မရှိတဲ့ ပုဂ္ဂိုလ်တွေဟာ ကုသိုလ်ကောင်းမှု တရားတွေ ဘာမှ မလုပ်ကြ ဘူး။ အကုသိုလ်လုပ်ငန်းတွေပဲ လုပ်နေကြ တယ်။

အမြော်အမြင်ရှိတဲ့ လူတွေကျတော့ ဒီနေ့ ဥပုသ်နေ့ဆိုတော့ ဥပုသ်သီလ စောင့်ထိန်း ကြတယ်၊ တရားတွေ အားထုတ်ကြတယ်။ လှူဘဝ၊ လှူခန္ဓာကမ်းလေး ခဏကပ်ဆဲမှာ ကုသိုလ်တွေ အရယူပြီး အကုသိုလ်တွေကို ရှောင်ကြတယ် မဟုတ်လား။ အမြော်အမြင် မရှိတဲ့ ပုဂ္ဂိုလ်များကျတော့ အကုသိုလ်တွေ

http://www.dhammadownload.com



များ များ လုပ်ကြတယ်။ အကုသိုလ်တွေ ဆိုတာက ကာယကံ (၃)ပါး၊ ဝစီကံ (၄)ပါး၊ မနောကံ (၃)ပါးဆိုတဲ့ ဒုစရိုက် (၁၀)ပါးကို ပြောတာ နော်။ အဲဒီ အကုသိုလ်တည်းဟူသော ဒုစရိုက် တွေကို လှေတည်းဟူသော ဗိုက်ထဲမှာ ထည့်ကြ တော့ ဒုက္ခ ဒကာမတွေ ဆင်းရဲမှာလား၊ ချမ်း သာမှာလား။

"ဆင်းရဲမှာပါဘုရား"

အမြော်အမြင်နည်းတဲ့ ပုဂ္ဂိုလ်တိုင်းဟာ အကုသိုလ်တရားများများ ထည့်မယ်နော်။ ပညာအမြော်အမြင် ကြီးမားတဲ့ ပုဂ္ဂိုလ်တွေ ကျတော့ ဘာထည့်မှာလဲ။

"ကုသိုလ်တရားတွေပါဘုရား"

အကုသိုလ်တရားတို့ မည်သည်မှာ မကောင်းတဲ့ အကျိုးကိုသာ ပေးတယ်။ မစင် ဘင်ပုပ်နဲ့ တူတယ်တဲ့။ မစင်ဘင်ပုပ်တို့သည် နည်းသည်များသည် ပမာဏ မထားပါဘဲနဲ့ အနည်းလေးနဲ့ နံသလို၊ အကုသိုလ်မှန်သမျှတို့ သည်လည်း အနည်းငယ်မျှ အကျိုးပေးတတ်

http://www.dhammadownload.com



ပါတယ်နော်။ အေး ဒါကြောင့် ဘုရားရှင်က သင်တို့သည် လူ့ဘဝ လူ့ခန္ဓာကမ်း ခဏ ကပ်နေကြတယ်။ မနုဿတ္တဘာဝ ဒုလ္လဘာ ဆိုတဲ့ ရခဲလှစွာသော လူ့ကမ်း ကပ်ရောက်နေတဲ့ အခါသမယဝယ် ကောင်းမှုတရားလေးတွေကို မယူလိုက်ကြပါဘဲနဲ့ အကုသိုလ်တရားနဲ့သာ အချိန်ကုန်ကြမယ်၊ သားကိစ္စ၊ သမီးကစ္စ၊ ဆွေကိစ္စ၊ မျိုးကိစ္စ၊ ပတ်ဝန်းကျင်ကိစ္စတွေနဲ့သာ အချိန်ကုန်နေကြမယ်ဆိုရင် သူတော်ကောင်းတို့ရေ အသက်တွေ ကြီးလာတော့ ကိုယ်စီးလာတဲ့ သင်္ဘောနဲ့တူတဲ့ ခန္ဓာကြီးက မပျက်စီးလာဘူးလား။

"ပျက်စီးလာပါတယ်ဘုရား"

နောက်ထပ်တစ်ဖန် ကမ်းကပ်ဖို့အတွက် ဒီဘက်ကမ်းက ခွာမှာလား၊ မခွာဘူးလား။

"ခွာမှာပါဘုရား"

ဒီတော့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ရထပမ သုတ္တန်ထဲမှာ ဟောထားတယ်လေ။ ဘာပြောသလဲဆိုရင် ခန္ဓာကိုယ်ကြီးဟာ

http://www.dhammadownload.com



၂-ထပ်မီးသဘောကြီးနဲ့ တူတယ်တဲ့။ ခန္ဓာကိုယ်ကြီးက စက်တပ်ထားတဲ့ လှေနဲ့တူတယ်။ အဲသလို ကမ်းကိုကပ်တဲ့အခါကျတော့ ယူသင့်ယူထိုက်တာကို ယူရပါတယ်တဲ့။ ယူသင့်ယူထိုက်တာက ဒါနပစ္စည်းတွေ၊ သီလပစ္စည်းတွေ၊ ဝိပဿနာဆိုတဲ့ ပစ္စည်းတွေမဟုတ်လား။ ဒါနကလဲ မပြည့်စုံဘူး၊ သီလကလဲ မပါလာဘူး၊ ဝိပဿနာဆိုတဲ့ တရားထူး တရားမြတ်ကလဲပဲ အားလဲ မထုတ်ဘူး၊ နာလဲမနာဘူး၊ ကျင့်လဲ မကျင့်ဘူးဆိုရင် သူတော်ကောင်းတို့ရေ၊ ဘဝဟာ ကာယကံလဲ မလုံခြုံဘူး၊ ဝစီကံလဲ မလုံခြုံဘူး၊ မနောကံလဲ မလုံခြုံတော့ ကိုယ့်ရဲ့ ခန္ဓာတည်းဟူသော သဘောထဲမှာ အပြည့်တင်ထားတာက အကုသိုလ်ပစ္စည်းတွေပဲ မဟုတ်လား။ သိတတ်တဲ့ အချိန်ကစပြီး ဒီအချိန်ထိ ကိုယ့်စိတ်တဲမှာ ခန္ဓာကိုယ်ထဲမှာ ဘာတွေများသလဲ။

"အကုသိုလ်စိတ်တွေပါဘုရား"

အကုသိုလ်စိတ်တွေ များတယ်နော။

http://www.dhammadownload.com



ကုသိုလ်စိတ်က နည်းပြီး အကုသိုလ်စိတ်တွေ များနေတာ ဒီဘဝ ထားပါဦး။ ကုန်ခဲ့တဲ့ ဘဝပေါင်းများစွာတွေကိုလဲ ပြန်လည်ပြီး ကြည့် လိုက်ပါဦးတဲ့။ ကုသိုလ်လုပ်တဲ့ အချိန်နဲ့ အကုသိုလ်လုပ်တာ ဘယ်ဟာက ပိုများ။

"အကုသိုလ်က ပိုများပါတယ်ဘုရား"

ဘာကြောင့်လဲဆိုတော့ သာသနာတွင်းမှာ တွေ့တဲ့အချိန်က နည်းတာကိုး။ ခုတောင် ဘုရားရှင် ပရိနိဗ္ဗာန် စံဝင်သွားလို့ သာသနာ နှစ်ထောင့်ငါးရာနဲ့ လေးဆယ်တောင် ကျော် သွားပြီ မဟုတ်လား။ ပါရမီရှိလို့သာ ဒီ သာသနာမှာ လူလာဖြစ်တာနော်။ ရှင်းရဲ့လား။ ပါရမီဆိုတာ သူတစ်ပါးက လာဖြည့်တာ လား၊ ကိုယ်ဖြည့်မှ ရတာလား။

"ကိုယ်ဖြည့်မှ ရတာပါဘုရား"

အေး၊ အဲဒါ တချို့က ပြောကြတယ်။ ပါရမီ မပြည့်တော့ဘူး ထင်ပါရဲ့ဆိုပြီး ပြော ကြတယ်။ ပါရမီရှိလို့ ဒီသာသနာမှာ လူလာဖြစ် တာ ဒီဘဝမှာဆက်ပြီး ပါရမီ ဖြည့်ရတယ်နော်။

http://www.dhammadownload.com



ဒါန၊ သီလ ၊ ဘာဝနာကို အတတ်တစ်ချပ် သဲ တစ်ပွင့်ကစပြီး ဖြည့်တတ်ရတယ်။ ပါရမီဆို တာ စိတ်က ဖြည့်ရတာနော်။ ဒါနလေးလုပ်လဲ စိတ်က စေတနာပြဋ္ဌာန်းလို့ လှူရတာ။ လှူချင်တဲ့ စိတ်ကလေး ပေါ်လာတာ။ ဘုရားကလေ "မိထွေးတော် ဂေါတမီ(တဲ့)ပရိယတ္တိ သာသနာ၊ ပဋိပတ္တိသာသနာ ဆိုတဲ့ သာသနာမြတ်ကြီးမှာ သာသနပြုတော်မူနေကြတဲ့ သံဃာတော် အရှင် မြတ်တွေကို လှူလိုက်စမ်းပါ(တဲ့)။ အဲသလို လှူဒါန်းခြင်းသည် ကျေးဇူးများပါတယ်(တဲ့)။ သံဃာတော်များကို လှူဒါန်းခြင်းသည် ငါဘုရား ကို လှူဒါန်းရာ ရောက်တယ်"ဆိုပြီး ဝိဘင် သုတ္တန်ထဲမှာ ဘုရားက မိထွေးတော် ဂေါတမီကို ဟောတာနော်။ မိထွေးတော် ဂေါတမီတဲ့ ငါဘုရားကို မလှူပါနဲ့။ ငါဘုရားသာသနာမှာ သာသနာပြုတော်မူနေကြတဲ့ သံဃာတော် အရှင်မြတ်တွေကို လှူလိုက်စမ်းပါ။ သဒ္ဓါတရား ပြည့်ဝကြတဲ့ အရှင်ကောင်း၊ အရှင်မြတ်တွေက ပရိယတ္တိသာသနာ၊ ပဋိပတ္တိသာသနာတွေကို

http://www.dhammadownload.com



ရော ကိုယ့်ကိုယ်ကျိုးမဖက် သာသနာအတွက် အလုပ်လုပ်ကြတဲ့ သံဃာတော်တွေကို လှူလိုက်စမ်းပါ။ ပုဂ္ဂိုလ်ကို မလှူနဲ့တဲ့။ သံဃာကို အာရုံပြုပြီး လှူပါတဲ့၊ သာသနာကို အာရုံပြုပြီး လှူပါတဲ့။ ရှင်းပြီမဟုတ်လား။ အဲဒါ ဒါနနဲ့ ပတ်သက်ပြီးတော့ နည်းများမဆို ကုသိုလ်ကောင်းမှုတွေ စိုက်ပျိုးပြီတော့ စုဆောင်းကြစမ်းပါတဲ့။

ကုသိုလ်ဒါန ပြည့်ဝသော ပုဂ္ဂိုလ်များဟာ သီလတရားကို စောင့်ထိန်းတဲ့ အခါလည်း သီလတရား မပျက်စီးနိုင်ဘူး။ ဒါနကုသိုလ်ပိုင်ရှင်များတို့သည် သီလစောင့်ထိန်းတဲ့အခါလဲ သူတို့မှာ ရှိနေတဲ့ သဒ္ဒါတရားက ပြတ်သားစွာ ပြဋ္ဌာန်းပြီး ပြည့်ဝမှုရှိတော့ သီလတရားပိုင်းမှာလဲ ခိုင်မြဲတယ်၊ လုံခြုံတယ်၊ ပြောက်ပြောက်ကျားကျား မရှိဘူး၊ သဘောပေါက်ပြီနော်။ အဲသလို သီလတရားတွေက လုံခြုံလေတော့ တည်မြဲနေရင် သမာဓိ မဖြစ်လာဘူးလား။

"ဖြစ်လာပါတယ်ဘုရား"

http://www.dhammadownload.com

## ၅၂ အမြတ်ဆုံးကုသိုလ် ရစေလိုတရားတော်

စိတ်တည်ကြည်ပြီး ချမ်းသာမှု အမြဲတမ်းရတယ်။ စိတ်တွေ တည်ငြိမ်လာတယ်၊ သမာဓိရှိသော ပုဂ္ဂိုလ်သည် ဝိပဿနာဉာဏ်အားထုတ်တဲ့အခါ ကြည်လင်သော အာရုံ ခါတ်တွေ ရပြီး ဝိပဿနာဉာဏ်က မဂ်အာရုံ ဖိုလ်အာရုံသို့ ကျေးဇူးပြုပြီး မဂ်အဆင့်ဆင့် ဖိုလ်အဆင့်ဆင့်ကို မရနိုင်ဘူးလား။

"ရနိုင်ပါတယ်ဘုရား"

ရနိုင်တယ်နော်။ ဒါကြောင့်မို့လို့ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးက ကုသိုလ်ကောင်းမှု လုပ်တဲ့အခါကာလမှာ ခွေးလေးတစ်ကောင် လှူရင်လဲ ကုသိုလ်ရပါတယ်တဲ့။ လှူတတ်ဖို့သာ အရေးကြီးပါတယ်တဲ့။ ခွေးတိရစ္ဆာန်လေးတစ်ကောင်ကိုလှူရင် ဘဝတစ်ရာ ချမ်းသာတယ်တဲ့။

ဒုဿီလပုဂ္ဂိုလ်၊ အရက်သမားတစ်ယောက်ကို လှူဒါန်းလို့ ရှိရင်လဲ ဘဝတစ်ထောင် ချမ်းသာနိုင်တယ်တဲ့။ စေတနာ ပြတ်သားမှုကသာ လိုရင်းဖြစ်ပါတယ်။

http://www.dhammadownload.com



သီလစင်ကြယ်တဲ့ ပုဂ္ဂိုလ်ကို လှူဒါန်းရင် ဘဝဟာစ်သိန်း၊ အရိယာပုဂ္ဂိုလ်များကို လှူဒါန်းမယ်ဆိုလို့ရှိရင် ဘဝအသင်္ချေ ချမ်းသာနိုင်တယ်ဆိုပြီး ဒါနနဲ့ ပတ်သက်ပြီး မြတ်စွာဘုရားရှင်က ဟောထားတာ နော်။

ပြီးတော့ အဲဒီ ဒါနတရားထက် သီလတရားစောင့်ထိန်းမှုက ပိုပြီး မြတ်တယ်။ သီလတရား စောင့်ထိန်းမှုထက် သမထ ဘာဝနာတရား ပွားများမှုက ပိုပြီး မြတ်တယ်။ သမထဘာဝနာတရား ပွားများမှုထက် ဝိပဿနာတရား အားထုတ်မှုက ပိုပြီးမြတ်တယ်တဲ့။ ဟုတ်ကဲ့လား၊ ပရိသတ်။

ဘုန်းကြီးတို့ အကျိုးတရား အနေအားဖြင့် ပြောရရင် ဒုဿီလပုဂ္ဂိုလ် လူပေါင်းတစ်ရာကို လှူရတာထက် ငါးပါးသီလရှိတဲ့ ပုဂ္ဂိုလ်တစ်ဦးကို လှူရတာ ပိုပြီးမြတ်တယ်။ သီလဝိဘင်္ဂ သုတ္တန်ထဲမှာ ဘုရားဟောထားတာ နော်။ အဲဒီ ငါးပါးသီလရှိတဲ့ ပုဂ္ဂိုလ်လူပေါင်းတစ်ရာကို လှူရတာထက် သရဏဂုံနဲ့ ငါးပါး

http://www.dhammadownload.com



သီလတည်တဲ့ ပုဂ္ဂိုလ်တစ်ဦးကို လှူရတာ ပိုမြတ်တယ်။

အဲဒီသရဏဂုံနဲ့ ငါးပါးသီလရှိတဲ့ ပုဂ္ဂိုလ်တစ်ရာကို လှူရတာထက် သောတာပန် ပုဂ္ဂိုလ်တစ်ဦးကို လှူရတာ ပိုပြီး မြတ်တယ်။ သောတာပန် ပုဂ္ဂိုလ်တစ်ရာကိုလှူရတာထက် သကဒါဂါမ် ပုဂ္ဂိုလ်တစ်ဦးကို လှူရတာ ပိုမြတ်တယ်။ သကဒါဂါမ်ပုဂ္ဂိုလ်တစ်ရာကို လှူရတာထက် အနာဂါမ်ပုဂ္ဂိုလ်တစ်ဦးကို လှူရတာ ပိုပြီး မြတ်တယ်။ အနာဂါမ်ပုဂ္ဂိုလ်တစ်ရာကို လှူရတာထက် အာသဝေါကုန်ခန်းတဲ့ ရဟန္တာ အရှင်မြတ်တစ်ပါးကို လှူရတာ ပိုပြီး မြတ်တယ်။ ရဟန္တာတစ်ရာကို လှူရတာထက် ပစ္စေကဗုဒ္ဓါတစ်ပါးကို လှူရတာ ပိုမြတ်တယ်။ ပစ္စေက ဗုဒ္ဓါတစ်ရာကို လှူရတာထက် ဘုရားရှင်ကို လှူရတာ ပိုမြတ်တယ်။ ဘုရားရှင်ကို လှူဒါန်းရတာထက် ဘုရားအမှူးရှိတဲ့ သံဃာတော်များကို လှူဒါန်းရတာ ပိုမြတ်တယ်နော်။ အလှူခံ မြင့်မြတ်သလို အလှူပေးကလဲ မြင့်မြတ်

http://www.dhammadownload.com



တယ်နော်။

ဘုရားအမှူးရှိတဲ့ သံဃာတော်များကို လှူဒါန်းရတာထက် ငါးပါးသီလ ဆောက်တည်တာက ပိုမြတ်တယ်။ ငါးပါးသီလ နိုင်မြဲရတာထက် သမထ ဘာဝနာ အားထုတ်ရတာက ပိုမြတ်တယ်။ သမထဘာဝနာ အားထုတ်ရတာထက် ဝိပဿနာတရားထူး တရားမြတ်ကို ကျင့်သုံးရတာက ပိုမြတ်တယ်။ အဲသလို အမြတ်ဆုံး၊ အမြတ်ဆုံးကို အကြောင်းပြုပြီး မိန့်တော်မူလိုက်တာ ဒါနထက် သီလက မြတ်တယ်။ သီလထက် သမထဘာဝနာက ပိုမြတ်တယ်။ သမထဘာဝနာထက် ဝိပဿနာ တရားက ပိုပြီးတော့ မြတ်တယ်။ အမြတ်ဆုံး ကုသိုလ်ကို ဖော်ထုတ်တာနော်။

ဒါဆိုရင် ဘုရားတပည့်တော်တို့က ဝိပဿနာတရားပဲ အားထုတ်တော့မှာပေါ့။ ဒါနတွေ လုပ်နေစရာ မလိုတော့ဘူးလို့ ပြောရင် ဒီလိုလဲ မဟုတ်သေးဘူးတဲ့။ ဘုရားရှင် ကလေ အစဉ်အတိုင်းဆိုတာ ရှိရတယ်တဲ့။

http://www.dhammadownload.com



ဟုတ်လား။ ဝိပဿနာ တရားအားထုတ်ဖို့ ဘာလိုသလဲဆိုရင် ပရိသတ်များ သီလစင်ကြယ်ဖို့ လိုတယ်နော်။

"တင်ပါဘုရား"

ဒါနလဲခြံရံရတယ်။ အဲဒီ ပေးကမ်းစွန့်ကြဲမှု ဒါနကုသိုလ်ကောင်းမှုသည် သံသရာမှာ ကျင်လည်ရရင်လဲ ချမ်းချမ်းသာသာ မကျင်လည်ရဘူးလား။

"ကျင်လည်ရပါတယ်ဘုရား"

ဟုတ်လား၊ အဲသလို ဒါနပါရမီ ရှိခဲ့ခြင်းကြောင့် ချမ်းသာတယ်။ ချမ်းသာတဲ့အတွက် ဥပုသ်ရက်များများ စောင့်ထိန်းချင်တယ်ဆိုရင် ရက်များများ မစောင့်ထိန်းနိုင်ဘူးလား။

"စောင့်ထိန်းနိုင်ပါတယ်ဘုရား"

အဲ ဘာဖြစ်လို့လဲဆိုရင် သီလစောင့်နိုင်တာ ဘာစွမ်းအားရှိလို့။

"ဒါနစွမ်းအားပါဘုရား"

ဒါနစွမ်းအားရှိလို့သာ ပစ္စည်းဥစ္စာ ပြည့်စုံလာတာမဟုတ်လား။ ဒါနတော့ ရှိပါရဲ့။

http://www.dhammadownload.com



သူ့အသက်သတ်နေမယ်၊ သူ့ဥစ္စာ ခိုးနေမယ်၊ သေရည်သေရက် သောက်သုံးမယ်ဆိုရင် ဒီပုဂ္ဂိုလ် သီလတရား မရှိခြင်းကြောင့် ချမ်းသာပင် ချမ်းသာငြားသော်လည်း ရောဂါဝေဒနာကြီးတွေ မဖြစ်ရဘူးလား။

"ဖြစ်ရပါတယ်ဘုရား"

ရောဂါဖြစ်နေတော့ တစ်ခါ အခုဘဝမှာ သီလစောင့်ထိန်းလို့ ရပါ့မလား။

"မရနိုင်ပါဘုရား"

မရဘူးပေါ့နော်။ ဒါကြောင့် သီလမရှိတဲ့ ပုဂ္ဂိုလ်တွေဟာ ပစ္စည်းရှိရင်လည်း အိပ်ရာထဲ ဘုံးဘုံးလဲနေခြင်းကြောင့် ဝိပဿနာတရားကျပြန်တော့လဲ အားထုတ်ဖို့ မရနိုင်ပြန်ဘူး။ ကဲ–ဒါဆိုရင် မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီးက နံပါတ် (၁) ဘာရှိရမှာလဲဆိုတော့ "ဒါနကုသိုလ်"တဲ့နော်။ ဒါနကုသိုလ်ပြီးရင် ဘာရှိရမှာတဲ့လဲ။ နံပါတ် (၂) က ငါးပါးသီလ၊ ရှစ်ပါးသီလ၊ ကိုးပါးသီလစသည်များပြား သီလများကို စောင့်ထိန်းရ

http://www.dhammadownload.com



မယ်တဲ့။ သီလပြည့်စုံမှလဲပဲ ဒီဘ၀မှာ အာသ ဝေါကုန်ခန်းလို့ ရဟန္တာ ဖြစ်နိုင်တယ်နော်။ ရဟန္တာမဖြစ်ရင်လဲ သောတာပန်တည်ရင် နောက်ထပ် ခုနစ်ဘ၀ပဲ နေရတော့မယ် ဟုတ် လား။

ဒါကြောင့် ကံတရားကို ကံနဲ့ ဆက်ရ ပါတယ်။ အတိတ်က ကုသိုလ်တွေ အသင့် အတင့် ရှိခဲ့လို့ ဒီဘ၀မှာ ဒီလောက်ပြည့်စုံနေရင် ကံတရားကို ကံနဲ့ ပြန်ဆက်ရမယ်နော်။ အဲဒီ ကံတရားကို ဉာဏ်လေးနဲ့လဲ ဆင့်ရပါမယ်။ ဒါကြောင့်မို့လို့ ဒါနလဲ ပြည့်စုံပါမှ၊ သီလလဲ ရှိနေပါမှ၊ ဝိပဿနာတရားထူး တရားမြတ် ကိုလဲ ကျင့်ကြံပွားများ အားထုတ်နိုင်ပါမှ ဝိပဿနာဉာဏ်က မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို ကျေးရူးပြုပြီးတော့ ဘာတံခါးတွေ ပိတ်မယ်။

"အပါယ်တံခါး ပိတ်ပါမယ်ဘုရား"

ဘာတံခါးကြီးပွင့်မယ်။

"နိဗ္ဗာန်တံခါးကြီး ပွင့်ပါမယ်ဘုရား"

ဒါဆိုရင် ဒကာဒကာမတွေ ပြန်ပြောပါ

http://www.dhammadownload.com



ဦး။ ဘာတွေ ပြည့်စုံဖို့လိုသလဲဆိုရင် ဒါန၊ သီလ၊ နံပါတ် ၃ က ဝိပဿနာ တရားတဲ့နော်။ ဘုရားရှင်ကလေ "ဒါနဆိုတာ အာဒိကလျာဏ အစကောင်းခြင်းပဲ(တဲ့)။ အစကောင်းခြင်းဆိုတဲ့ တရားထဲမှာ ဒါနကောင်းခြင်းရှိဖို့ လိုပါတယ်(တဲ့)။ မဇ္ဈေကလျာဏ အလယ်ကောင်းခြင်း ဆိုတာကတော့ သီလတရားပြည့်စုံဖို့ကို ပြောတာ(တဲ့၊ ဟုတ်လား။) ပရိယောသန ကလျာဏဆိုတဲ့ အဆုံးကောင်းခြင်းဆိုတဲ့ တရားသည် ဝိပဿနာတရား ကျင့်ကြံပွားများ အားထုတ်ခြင်းကို ဆိုပါသည်တဲ့။

အဲဒီ အာဒိကလျာဏ၊ မဇ္ဈေကလျာဏ၊ ပရိယောသနကလျာဏ ဆိုတဲ့ ကောင်းခြင်းသုံးဖြာနဲ့ ပြည့်စုံတဲ့ဘဝ ရထားမှသာလျှင် လူ့လောကမှာ နေရတာ အဓိပ္ပာယ်ရှိပါတယ်တဲ့နော်။ သီလနဲ့ ဝိပဿနာတရားတော့ ရှိပါရဲ့။ အစမကောင်းဘူးဆိုရင် ဥပမာ သီလ ဝိပဿနာ ခံရပြီး တရားမရဘဲ သေသွားတယ်၊ ပြီးတော့ လူဖြစ်တယ်ဆိုပါစို့။ အစမကောင်းခြင်းကြောင့်

http://www.dhammadownload.com



ပစ္စည်းဥစ္စာ မရှိနိုင်ဘူး။ အခြံအရံတွေ မပြည့်စုံတော့ အခုဘဝမှာ အလွယ်တကူနဲ့ တရားအားထုတ်ဖို့ အချိန်မပေးနိုင်ဘူးပေါ့။ နားလည်ပြီနော်။

ဒီနေရာမှာ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးနဲ့ အရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီးက အလှူနဲ့ပတ်သက်ပြီး ဆွေးနွေးကြတယ်။ ဘုရားရှင်က မိမိသာလှူ၍ သူတစ်ပါးကို တိုက်တွန်းမှု မရှိတဲ့ပုဂ္ဂိုလ်များသည် ဘဝတွေမှာ ချမ်းတော့ ချမ်းသာပေမဲ့ အခြွေအရံတွေ မရှိနိုင်ဘူးတဲ့။ သားသမီးအခြံအရံ၊ ပတ်ဝန်းကျင် အသိုင်းအဝိုင်း အခြံအရံကို ဆိုလိုတာပေါ့။ တချို့ကျပြန်တော့ သူတစ်ပါးကိုသာ တိုက်တွန်းတာ၊ ကိုယ်က မလှူဘူးတဲ့။ ဒီလိုလဲ ရှိပြန်တယ်။ အဲသလို ပုဂ္ဂိုလ်များဟာ အခြေံအရံတော့ များပါရဲ့၊ ဆင်းရဲတတ်ပြန်တယ်၊ ဟုတ်ကဲ့လား ပရိသတ်။ တချို့ကျပြန်တော့ ကိုယ်ကလဲ လှူတယ်၊ သူတစ်ပါးကိုလဲ တိုက်တွန်းတတ်တယ်။ အဲသလို

http://www.dhammadownload.com



ပုဂ္ဂိုလ်များကျတော့ သံသရာလောက တစ်လျှောက်လုံးမှာ ချမ်းလဲချမ်းသာတယ်၊ အခြွေအရံလဲ များပါတယ်တဲ့။ တချို့တွေကျတော့ ကိုယ်ကလဲ လှူဒါန်းမှုမရှိ၊ သူတစ်ပါးကိုလဲ တိုက်တွန်းမှု မရှိကြဘူးတဲ့။ အဲဒီ ပုဂ္ဂိုလ်များဟာ အခြံအရံလဲ နည်းပါတယ်၊ ပစ္စည်းဥစ္စာလဲ မရှိဘူးတဲ့။

ဒါ့ကြောင့် သံသရာလောက တစ်လျှောက်လုံးမှာ အမြဲမပြတ် ပြုလုပ်ရမှာက ဒါန၊ သီလ၊ ဘာဝနာတရားပဲ ရှိတယ်တဲ့နော်။ ဝိပဿနာတရား အားထုတ်မယ့် ပုဂ္ဂိုလ်သည် ဘာတွေ ခြံရံရမယ်။ ဒါနနဲ့ သီလနော်။

ဒါကြောင့် ဘုန်းကြီးတို့ ဆုပေးတဲ့ အခါမှာသော်လည်းကောင်း၊ ဆုတောင်းတဲ့ ခါမှာသော်လည်းကောင်း တပည့်တော်တို့ အားထုတ်ဆဲဖြစ်တဲ့ ဒါန၊ သီလ၊ စေတနာကံနှင့် တကွ ဝိပဿနာဉာဏ်သည် လျင်မြန်စွာ မဂ်ဉာဏ်သို့ ကျေးဇူးပြု၍ နိဗ္ဗာန်သို့ မျက်မှောက်ပြုရပါလို၏ ဘုရားလို့ ဒကာဒကာမတွေ ဆု

http://www.dhammadownload.com



မတောင်းကြဘူးလား။

"တောင်းပါတယ်ဘုရား"

ဒါမှန်လို့ပေါ့နော်။ ကဲ-ဒါဆိုရင် ကြည့်ပါဦး။

ဒါန ေ ်ချင်တယ်ဆိုတာ အတုံးအခဲ ဒြပ်သဏ္ဍာန်ရှိသလား။

"မရှိပါဘုရား"

သီလစောင့်ထိန်းချင်တယ် ဆိုတာက ကော အတုံးအခဲ ဒြပ်သဏ္ဍာန် ရှိသလား။

"မရှိပါဘုရား"

ပုံသဏ္ဍာန် မရှိပါဘူးနော်။ ဒါနလုပ်ချင်တယ်ဆိုတာက ဘာက ပေါ်လာသလဲဆိုရင် စေတနာဆိုတဲ့ စိတ်က၊ ကုသိုလ်လုပ်ချင်တယ်ဆိုတာလဲ စိတ်က ပေါ်လာတာ ဟုတ်လား။ သီလစောင့်ထိန်းချင်တယ် ဆိုတာကလဲ စိတ်က ပေါ်လာတာ ဟုတ်လား။

ဒါဆိုရင် ဒီပေါ်လာတဲ့စိတ်၊ စေတသိက်ခေါ်တဲ့ နာမ်တရားပေါ်မှာဖြင့် (ဝါ) ခန္ဓာငါးပါးပေါ်မှာဖြင့် စိတ်ကလေး ပြဋ္ဌာန်းလာရင်

http://www.dhammadownload.com



အောင် ငါလှူချင်နေပါပေါ့လား ဆိုတာ သိတယ်။

ရုပ်နာမ်ပေါ်မှာ ရှိပြီးသား သဒ္ဒါတရား တွေ မပေါ်လာဘူးလား။

"ပေါ်လာပါတယ်ဘုရား"

အဲသလို လှူချင်တဲ့စိတ်ကလေး ပေါ်လာလို့ လှူဒါန်းလိုက်တဲ့အခါမှာလဲပဲ အရှင်ဘုရားတို့အပေါ်မှာ လှူဒါန်းတဲ့ ကုသိုလ်ကောင်းမှုသည် ဆင်းရဲတဲ့ ဒုက္ခအပေါင်းမှ လွတ်ကင်းရပါလို၏၊ မဂ်ဖိုလ်နိဗ္ဗာန်ကို မျက်မှောက်ပြုရပါလို၏လို့ ဘယ်လိုပုဂ္ဂိုလ်မျိုးက တောင့်တတတ်သလဲဆိုရင် ဝိပဿနာ ဉာဏ်ပညာရှိတဲ့ ပုဂ္ဂိုလ်ကပဲ တောင့်တမှာနော်။ ဘယ်လို ပုဂ္ဂိုလ်က။

"ဝိပဿနာဉာဏ်ပညာရှိတဲ့ ပုဂ္ဂိုလ်ပါ ဘုရား"

ဝိပဿနာဉာဏ်ရှိတဲ့ ပုဂ္ဂိုလ်ဟာ ဘာလေးပဲလုပ်လုပ် ခန္ဓာကိုယ်ကြီး ဒုက္ခသစ္စာဆိုတာ ဉာဏ်လေးထဲမှာ သိနေတော့ ဘုံဘဝကို မတောင့်တတော့ဘူးနော်။ ဤကုသိုလ်ကောင်း

http://www.dhammadownload.com



မှု စေတနာကြောင့် အရှင်ဘုရားများ သိတော်မူတဲ့ သစ္စာလေးပါးကို တပည့်တော်များ သိရပါလို၏ ဘုရားလို့ ဆိုလိုက်ကတည်းကိုက မိမိစိတ်သန္တာန်ထဲမှာ ဘာနဲ့တွဲနေသလဲဆိုရင် မဂ္ဂသစ္စာဉာဏ်နဲ့နော်။ ပြန်ပြောပါဦး။ ဘာနဲ့တဲ့လဲ။

"မဂ္ဂသစ္စာဉာဏ်နဲ့ပါဘုရား"

မဂ္ဂသစ္စာအာရုံတရားဖြင့် တွဲစပ်နေခြင်းကြောင့် ကဲ-တဏှာ၊ ဥပါဒါန်၊ ကံတွေ တဒင်္ဂ မငြိမ်းနေဘူးလား။

"ငြိမ်းနေပါတယ်ဘုရား"

အဲဒီ တဒင်္ဂ ငြိမ်းနေတာ နိရောဓသစ္စာပေါ့။ ကဲ-ဒီလိုမှ မဟုတ်ပါဘဲနဲ့၊ တပည့်တော်တို့ ပြုပြုသမျှ ကုသိုလ်ကောင်းမှုတို့ကြောင့် ဘဝတိုင်း ဘဝတိုင်းမှာလို့ ဆိုလိုက်ကတည်းက တဏှာ၊ ဘုံဘဝတွေကို ရည်မှန်းပြီး မရမနေအောင် ဖြစ်နေတာက ဥပါဒါန်။ ကာယကံ၊ ဝစီကံ၊ မနောကံတွေနဲ့ တတွတ်တွတ်ဆိုနေ တာက ကမ္မဘဝ။ ဒီတော့ နံပါတ် (၃)

http://www.dhammadownload.com



မပြည့်စုံသွားဘူးလား။

"ပြည့်စုံသွားပါတယ်ဘုရား"

အဲဒီလိုမျိုးအလှူက ဘုံဘဝကို မျှော်လင့်ပြီး လှူဒါန်းလိုက်ခြင်းကြောင့် သမုဒယသစ္စာနော်။ အဲသလို သမုဒယသစ္စာနဲ့ လှူမိခြင်းကြောင့် နံပါတ် (၄)ဖြစ်တဲ့ ဒုက္ခသစ္စာ မရဘူးလား။

"ရပါတယ်ဘုရား"

ဟုတ်လား၊ ဟော အခုတရားနာနေတဲ့ ခန္ဓာက နံပါတ် (၂) လို့ခေါ်တယ်။ အဲဒီနံပါတ် (၂) ဒုက္ခသစ္စာကြီးနဲ့ ဘာလေး တစ်ခုလုပ်လုပ် ဤကုသိုလ်သည် တပည့်တော်များ အိုနာသေ ဒုက္ခဘေးမှ လွတ်ကင်းရာမှန် မြတ်နိဗ္ဗာန်သို့ ရောက်ရပါလို၏လို့ နှလုံးသွင်းတတ်ရင် မဂ္ဂသစ္စာ ဖြစ်တယ်နော်။ နားလည်တယ် မဟုတ်လား။ ခန္ဓာကိုယ်ကို မလိုချင်လို့လှူဒါန်းပါ၏ ဘုရား၊ ဒုက္ခငြိမ်းရပါလို၏ ဘုရားလို့ နှလုံးသွင်းပြီး စိတ်၊ စေတသိက်ဆိုတဲ့ ခတ်ထဲမှာ ဉာဏ်နဲ့ ပေါင်းပြီး တွဲစပ်နေခြင်းကြောင့် အဲဒီ သစ္စာဉာဏ်က မဂ္ဂသစ္စာအကြောင်းတရား၊

http://www.dhammadownload.com



အဲဒီ မဂ္ဂသစ္စာရဲ့ အကျိုးရလဒ်က နိရောဓ သစ္စာခေါ်တဲ့ ငြိမ်းအေးခြင်း။ သစ္စာမသိသေးတဲ့ ပုဂ္ဂိုလ်များသည် ဒုက္ခသစ္စာမှ သမုဒယသစ္စာသို့၊ သမုဒယသစ္စာမှ ဒုက္ခသစ္စာသို့ဆိုရင် လည် လမ်းလား၊ ရပ်လမ်းလား။

"လည်လမ်းပါဘုရား"

ဒါကြောင့်မို့ ကျုပ်တို့ ဒကာဒကာမတွေ ကုသိုလ်လုပ်တိုင်းမှာ ကဲ–ဒါနသည် မဂ်ဉာဏ် ဖိုလ်ဉာဏ်ရဲ့ အကြောင်းအထောက်အပံ့ ဖြစ်ဖို့ အတွက် သီလခြံရံရပါတယ် ဟုတ်လား။ ဒါန၊ သီလ၊ စေတနာကံနှင့်တကွ အားထုတ် နေတဲ့၊ နှလုံးသွင်းနေတဲ့၊ နာခံမှတ်သားနေတဲ့ ဝိပဿနာဉာဏ်သည် ဘာကို ကျေးဇူးပြုမှာ တဲ့လဲ။

"မဂ်ဉာဏ်ကို ကျေးဇူးပြုရမှာပါဘုရား"

အင်း–မဂ်ဉာဏ်ကို ကျေးဇူးပြုကာ နိဗ္ဗာန် မဂ်ဖိုလ်ကို မျက်မှောက်ပြုရပါလို၏ ဆိုတော့ ဝိပဿနာဉာဏ်ကလေးတွေ မပေါ်နေ ဘူးလား။

"ပေါ်နေပါတယ်ဘုရား"

http://www.dhammadownload.com



အဲဒီလို ဝိပဿနာတရားတွေ ကျင့်ကြံပွားများအားထုတ်လို့ အပါယ်တံခါးပိတ်ရင် လူ့ဖြစ်ကျိုးနပ်ပြီဗျာ။ နားလည်တယ်နော။ လူ့ဖြစ်ကျိုးနပ်ဖို့အတွက် ဘုန်းကြီးတို့ ဒီစကားတွေ ပြောနေပါတယ်။

လူ့ဘဝသည် အမြတ်ဆုံးဘဝ ဖြစ်တယ်နော်။ မနုဿတ္တဘာဝ ဒုလ္လဘတဲ့၊ ဘုရားရှင်ကလေ။ နတ်ပြည်၊ ဗြဟ္မာပြည် မြတ်တယ်လို့ မပြောပါဘူး။ လူ့ဘဝသည်သာ အမြတ်ဆုံးဘဝလို့ ပြောပါတယ်။ လူ့ဘဝသည် လမ်းလေးခွဆုံလို့လဲ ပြောပါတယ်။ လူ့ပြည်ကပဲ အပါယ်လေးပါးကို ရောက်နိုင်သလို၊ လူ့ပြည်ကပဲ နတ်ပြည်ကို ရောက်နိုင်ပါတယ်။ လူ့ပြည်ကပဲ ဗြဟ္မာပြည်ကို ရောက်နိုင်ပါတယ်၊ လူ့ပြည်ကပဲ အမြတ်ဆုံးဖြစ်တဲ့ နိဗ္ဗာန်ကို ရောက်နိုင်တယ်။ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာတွေ ဖြစ်နိုင်ပါတယ်။ ကုသိုလ်ကောင်းမှုဟူသမျှတွေက လူ့ပြည်မှာပဲ လုပ်ခွင့်ရှိပြီး လုပ်လို့ရနိုင်ပါတယ် ဟုတ်လား။ ဒါနဟာလဲ လူ့ပြည်မှာပဲ လုပ်လို့ရတာ၊ သီလဟာလဲ

http://www.dhammadownload.com



လူ့ပြည်မှာပဲ စောင့်ထိန်းလို့ရတာနော်။ သမထ၊ ဝိပဿနာ၊ ဘာဝနာတရားတွေကိုလဲ လူ့ပြည်မှာပဲ လုပ်လို့ရပါတယ်။

ဒါကြောင့် သိကြားမင်းကြီးဟာ လူဆင်းရဲဟန်ဆောင်ပြီး ဒါနကို လုပ်ရတာ လူ့ချင်လို့နော်။ တစ်နည်းပြောရင် ကုသိုလ်လုပ်ချင်လို့။ ဒါဆိုရင် အမြတ်ဆုံးဖြစ်တဲ့ လူ့ဘဝခန္ဓာကိုယ်ကြီးမှာ အမြတ်ဆုံးဖြစ်တဲ့ ဒီကျင့်စဉ်တရားတွေ မကျင့်ရဘူးလား။ ကျင့်ရမှာလား။

"ကျင့်ရမှာပါဘုရား"

အရေးကြီးတယ်နော် အရေးကြီးပါတယ်။ အမြတ်ဆုံး ကျင့်စဉ်ဟာ ဘာကျင့်စဉ်ပါလိမ့်။

"ဝိပဿနာ ကျင့်စဉ်ပါဘုရား"

အမြတ်ဆုံးဘဝ၊ အမြတ်ဆုံး ကျင့်စဉ်နဲ့ အမြတ်ဆုံးပန်းတိုင်ကို ဖော်ပြရမယ်ဆိုရင် ဘာတဲ့လဲ၊ အမြတ်ဆုံးဘဝဟာ လူ့ဘဝ ဟုတ်လား။ အမြတ်ဆုံးကျင့်စဉ်က ဝိပဿနာကျင့်စဉ်။ အမြတ်ဆုံးပန်းတိုင်ကတော့ နိဗ္ဗာန်လို့ခေါ်တဲ့ သန္တိသုခ ချမ်းသာခြင်းနော်။ ဒီတော့

http://www.dhammadownload.com



အမြတ်ဆုံးဖြစ်နေတဲ့ လူသားတစ်ယောက်သည် အမြတ်ဆုံးကျင့်စဉ်ကို မကျင့်ရင် ဘုရားရှင်ရဲ့ သာသနာမှာ လူဖြစ်ကျိုး နပ်ပါ့မလား။

"မနပ်ပါဘုရား"

ဗဟုသုတအားဖြင့် ပြောရရင် လူဆိုတာ ၃ မျိုးရှိတယ်။ လူရယ်၊ လူ့ရယ်၊ လူးရယ်တဲ့ ဟုတ်လား။ လူဆိုတာက အကုသိုလ်ကံနဲ့ ကုသိုလ်ကံကို ခွဲခြားသိတတ်ပြီး အကုသိုလ်တရားတွေကို ပယ်ရှား၊ ကုသိုလ်တရားတွေကို တိုးပွားအောင် ပွားများတတ်တယ်၊ ကြံဆောင်တတ်တယ် အဲဒါက လူတဲ့။ လူ့ဆိုတာက မိုးလင်းကတည်းက လောဘ၊ ဒေါသ၊ မောဟတွေ ခြံရံပြီးတော့ လုစား၊ ယက်စား၊ ရှာဖွေစားသောက်ကြရ၊ လုပ်စားကြရတာကို ခေါ်တာ။ လူးဆိုတာက မိုးလင်းကတည်းက သီလတွေ မလုံခြုံပါဘဲနဲ့ သူ့အသက်သတ်မယ်၊ သူ့ဥစ္စာခိုးမယ်၊ သေရည်သောက်မယ်၊ လိမ်မယ် ညာမယ်နဲ့ ကြံစည်စိတ်ကူးပြီး လုပ်ကိုင်စားနေကြရတာကို ခေါ်ပါတယ်။

ဒါဆိုရင် ကျုပ်တို့ ဒကာဒကာမတွေ

http://www.dhammadownload.com



လူလား၊ လူ့လား၊ လူးလားဆိုတာ ကိုယ့်ကိုယ်ကို ခွဲခြားလို့ သိပါတယ်နော်။ အောက်က မြစ်ကလေး ပါရင်ကို မလွယ်ဘူးနော် ဟုတ်လား။ ဒီခေတ်က လူ့ရယ်၊ လူးရယ်တွေက များတယ်။ ဒီခေတ်ကြီးမှာ ဘာတွေ တိုးတက်သလဲဆိုရင် အကုသိုလ်တွေ၊ ကာမဂုဏ်အာရုံတွေ သိပ်ပြီး တိုးတက်တယ်။ တိုးတက်တဲ့ခေတ်ကြီးလို့ ဆိုကြတယ်နော်။ ဘုန်းကြီးတို့ကတော့ သာသနာ့မျက်လုံးနဲ့ ကြည့်ရင် ဆုတ်ယုတ်ပါတယ်လို့ ပြောပါတယ်။ ဘာမျက်လုံးနဲ့ ကြည့်ရင်တဲ့လဲ။

"သာသနာ့မျက်လုံးနဲ့ပါဘုရား"

ဟုတ်တယ်။ ဘုန်းကြီးတို့ ပရိသတ်တွေကြည့်လေ။ မြို့တွေ ပြည်တွေမှာ လူတွေ ဒီလောက်အများကြီး ရှိနေပင် ရှိနေငြားလဲ ခုကြည့်လေ၊ တရားနာဖို့ တရားအားထုတ်ဖို့ ပရိသတ်တွေဟာ ဒီလောက်ပဲ ရှိနိုင်တာ။

နခသိခ သုတ္တန်ထဲမှာ ဘုရားဟောထားတာ လူတစ်သိန်းမှာ တစ်ယောက်လောက်ပဲ သုဂတိဘဝကို ရောက်နိုင်ပါတယ်တဲ့။ ကျန်တဲ့

http://www.dhammadownload.com



(၉၉၉၉၉) ယောက်ဟာ အပါယ်လေးဘုံ ခေါ်တဲ့ ဒုဂတိဘဝတွေမှာ ကျင်လည်ကြရ တယ်လို့ ဆိုတယ်နော်။ ဒါဆိုရင် ဒကာဒကာမ တွေ ကုသိုလ်ကံနဲ့ အကုသိုလ်ကံ ဘယ်ကံက နည်းနေပါလိမ့်။

"ကုသိုလ်ကံက နည်းပါတယ်ဘုရား"

ဘယ်ကံတွေက များနေလို့။

"အကုသိုလ်ကံကများလို့ပါဘုရား"

ဟုတ်တယ်၊ အကုသိုလ်ကံတွေက များ တယ်နော်။ ဒါကြောင့် ဒကာဒကာမတွေ သဒ္ဓါရှိတဲ့ပုဂ္ဂိုလ်နဲ့ သဒ္ဓါမရှိတဲ့ပုဂ္ဂိုလ် ဘယ် ပုဂ္ဂိုလ်ကများ။

"သဒ္ဓါမရှိတဲ့ ပုဂ္ဂိုလ်က များပါတယ် ဘုရား"

အဲဒီလို သဒ္ဓါတရားမရှိတဲ့ ပုဂ္ဂိုလ်တွေ သေရင် ဘယ်သွားမယ်။

"အပါယ် ၄ ဘုံပါဘုရား"

ဟုတ်တယ်။ သူတော်ကောင်း တ...ား တွေ မကျင့်သုံးရင် အပွါယ်လေးဘုံမှာ ပြည့် ကျပ်နေတာနော်။ ဘာကြောင့်လဲဆိုတော့

http://www.dhammadownload.com



လောဘနောက်ကိုလိုက်၊ ဒေါသနောက်ကို လိုက်၊ မောဟနောက်ကို လိုက်ပြီးတော့ သံယောဇဉ် လက်ပြန်ကြိုးတုပ်ပြီး သေတော့ ဘယ်ရောက်မယ်။

"အပါယ် ၄ ဘုံပါဘုရား"

အပါယ်လေးဘုံက သေရင်ကော သုဂတိရောက်ဖို့ လွယ်ပါ့မလား။

"မလွယ်ပါဘုရား"

သိပ်ခက်တယ်နော။ ဒါကြောင့် ဘုရားရှင်က လူ့ပြည်ရောက်ခိုက်မှာ ကုသိုလ်တရားတွေ များများလုပ်ကြပါလို့ မပြောဘူးလား။

"ပြောပါတယ်ဘုရား"

အများဆုံးလုပ်ရမယ့် ကုသိုလ် ဘာကုသိုလ်။

"ဝိပဿနာ ကုသိုလ်ပါဘုရား"

ဟုတ်တယ်။ ဒီကုသိုလ်တရားများများ လုပ်ထားမှ သေရင် ကြောက်ရမှာလား၊ မကြောက်ရဘူးလား။

"မကြောက်ရှပါဘုရား"

ဘာကြောင့် မကြောက်ရသလဲဆိုရင်

http://www.dhammadownload.com



မကြောက်တဲ့တရား ခန္ဓာထဲမှာ ကိန်းနေလို့။ ဟုတ်လား။ ခန္ဓာကိုယ်ထဲမှာ ရှိနေတဲ့ ရုပ်တရား၊ နာမ်တရားတွေရဲ့ ဖြစ်တာတွေ သိတယ်။ ပျက်တာလဲ သိတယ်။ အနိစ္စခန္ဓာက အနိစ္စတွေ ပြနေပါပေါ့လား၊ ဒုက္ခခန္ဓာက ဒုက္ခတွေ ပြနေပါပေါ့လား၊ အနတ္တခန္ဓာက မပိုင်တာတွေ ပြနေပါလားလို့ လက္ခဏာသုံးပါးကို ကိုယ်ပိုင်ဉာဏ်ဖြင့် ခန္ဓာကိုယ်ထဲမှာ တကယ့်ကို ရှင်းရှင်းလင်းလင်း ကွင်းကွင်းကွက်ကွက် သိနေတဲ့ ပုဂ္ဂိုလ်ဟာ သေမှာကို မကြောက်တော့ဘူး။ ကြောက်မှာလား၊ မကြောက်ဘူးလား။

"မကြောက်ပါဘုရား"

ရောဂါဖြစ်မှာလဲ မကြောက်တော့ဘူးနော်။ ရောဂါဖြစ်စေတတ်တဲ့ ခန္ဓာရှိနေမှတော့ ရောဂါဖြစ်မှာပဲလို့ သိမနေဘူးလား။

"သိနေပါတယ်ဘုရား"

ခန္ဓာကိုယ်ထဲမှာ ရောဂါတွေက ဘယ်လောက်များ။

"၉၆ ပါးပါဘုရား"

ဒီခေတ်မှာတော့ ပိုများမယ် ထင်တယ်

http://www.dhammadownload.com



နော်။ လောကကြီး မဆန်းကြယ်ဘူးလား။ ဘာကြောင့်တဲ့လဲ။ တိုးတက်တဲ့ခေတ်ကြောင့်နော။ လောကီအာရုံ ကာမဂုဏ်တွေ တိုးတက်တော့ လောဘတွေက များများ ကြီးမားအားထုတ်ကြတယ်။ အဲဒီတော့ အဲဒီကံတွေများလာလေတော့ အကုသိုလ်ကံတွေက နှလုံးသွေးပူလောင်တယ်။ နှလုံးသွေးပူလောင်တော့ ခန္ဓာရုပ်ပိုင်းဆိုင်ရာ နှမ်းလာတယ်။ ဘာကြောင့်ရုပ်ပိုင်းဆိုင်ရာ နွမ်းသလဲဆိုရင် စိတ်ထဲမှာ လောဘအာရုံတွေ၊ ဒေါသအာရုံတွေ များလာရင် လေရှူမမှန်တော့ဘူး။ လောဘစိတ်၊ ဒေါသစိတ်ဟာ ပုံပျက်ပန်းပျက် ဖြစ်လာတတ်တယ်။ ဒီတော့ ရုပ်ဖောက်တော့ ဟဒယဝတ္ထု ခေါ်တဲ့ နှလုံးသွေးဟာ မကြည်လင်ဘူး။ ဒီတော့ ရောဂါ ဆန်းဆန်းကြယ်ကြယ် ဝင်တယ်။ ဒီရောဂါဒဏ် မခံနိုင်ရင် အပါယ်လေးဘုံ တစ်နေရာရောက်မယ်နော်။

ဘာမရှိလို့လဲဆိုရင် ကုသိုလ်တရားတွေက အားနည်းနေလို့ ဟုတ်လား။ အဲဒီကုသိုလ်တရား အားနည်းတဲ့ ပုဂ္ဂိုလ်ဟာ လော

http://www.dhammadownload.com



ဘ၊ ဒေါသ၊ မာန၊ ဣဿာ၊ မစ္ဆရိယ စတဲ့ တရားတွေကို ထိန်းနိုင်ရဲ့လား။

"မထိန်းနိုင်ပါဘုရား"

မထိန်းနိုင်ဘူး။ ဘာဖြစ်လို့လဲဆိုရင် ကုသိုလ် အခံဓာတ်က နည်းနေလို့။ ဘယ်လို နည်းသလဲဆိုရင် မိုးလင်းလာကတည်းကိုက အကုသိုလ်စိတ်တွေနဲ့ လောဘအာရုံတွေနဲ့။ အိပ်ပြန်ရင်လဲပဲ လောဘစိတ်တွေနဲ့ ဆိုတော့ အဲဒီ အကုသိုလ်ကံတွေက ခန္ဓာထဲမှာ ပြည့်ကျပ်နေတာနော်။ အဲဒီကံတွေကို ဘုရားရှင်က ဝိပဿနာဉာဏ်အာရုံဖြင့် ပယ်နိုင်းတာနော်။

ဝိပဿနာအာရုံဖြင့် ဆင်ခြင်ရင် ကြမ်းတမ်းတဲ့ လောဘတရားတွေ၊ ကြမ်းတမ်းတဲ့ ဒေါသတရားတွေ၊ မောဟ၊ မာန်မာန၊ ဣဿာ၊ မစ္ဆရိယတရားတွေ အားနည်းလာတယ်နော့။

ဒါကြောင့် ကျုပ်တို့ ဒကာဒကာမတွေ အလုပ်ပေးနဲ့ ပတ်သက်ပြီး ဟောတဲ့နေရာ ဌာနမှာ စိတ်ကလေးတွေ ထားတတ်အောင်၊ နှလုံးသွင်းတတ်အောင် ဘုန်းကြီးတို့က အမြဲ တမ်း ဟောပေးနေပါတယ်။ ဒီစိတ်ဟာ

http://www.dhammadownload.com



လောဘဖြစ်စေတဲ့ အာရုံကို လက်ခံလို့ လောဘစိတ်ပေါ်နေတာ။

ဒေါသဖြစ်စေတဲ့ အာရုံကို လက်ခံလို့ **ဒေါသစိတ်**။

မောဟဖြစ်စေတဲ့ အာရုံကို လက်ခံလို့ **မောဟစိတ်**။

မာန်မာနဖြစ်စေတဲ့ အာရုံကို လက်ခံလို့ **မာန်မာနစိတ်**။

ဣဿာ၊ မစ္ဆရိယ ဖြစ်စေတဲ့ အာရုံကို လက်ခံလို့ **ဣဿာမစ္ဆရိယစိတ်**။

ဒီတရားတွေနဲ့ မပေါင်းရင် ချမ်းသာနေတယ်နော်။ အဲဒီလောဘ ဒေါသစိတ်တွေကို ညှော်သည်စိတ်လို့ ခေါ်တယ်။ တရားများများ အားထုတ်ထားတဲ့ ပုဂ္ဂိုလ်ဟာ ဒီစိတ်ကလေး ပေါ်လာရင် အော် ဒေါသစိတ် ဖြစ်နေပြီကိုးလို့ သိတယ်နော်။ သိရင် ငြိမ်းတယ် ဟုတ်လား။ အဲဒီ မကျေနပ်တဲ့ စိတ်ကလေးက ဘယ်နေရာမှာ သွားဖြစ်နေသလဲလို့ ကြည့်လိုက်တော့ ဒီလူ့အပေါ်မှာပါလား စသည်ဖြင့် မသိဘူး

http://www.dhammadownload.com



လား။ အဲဒီ ဒေါသစိတ်တွေဖြစ်ရင် ပူလောင်နေပါလားလို့ သိတော့ စိတ်ကလေး ဖျတ်ခနဲ ချုပ်ပြီး မရှိတဲ့ ဒေါ်သည်စိတ်ကို ပေါင်းနေတာ။

ကျုပ်တို့ ဒကာဒကာမတွေ မရှိတာကို အရှိလက်ခံပြီး ကြာကြာပေါင်းတော့ ဒေါ်သည်က အိမ်ရှင်ဖြစ်လာတာ။ ဒါကြောင့် ဒေါ်သည်ကို အိမ်ရှင်မလုပ်နဲ့လို့လဲ ခဏခဏ ဟောပါတယ်။ ဒေါ်သည်စိတ်တွေက ကုသိုလ်စိတ်တွေကို ကန့်ချတတ်တယ်။ ကုသိုလ်တရားတွေကို တားမြစ်တတ်တယ်။ ဓမ္မဒါယကသုတ္တန်ထဲမှာ ဘုရားက–

လောဘလဲ ယုတ်မာသည်
ဒေါသလဲ ယုတ်မာသည်
မောဟလဲ ယုတ်မာသည်
ယုတ်မာတရား ဖယ်ရှားရမည်

ကုသိုလ်တရား ပွားများရမည်ဆိုတော့ အကုသိုလ်တရားတွေကို ပယ်ရမလား၊ မပယ်ရဘူးလား။

"ပယ်ရပါမယ်ဘုရား"

http://www.dhammadownload.com

## ၇၈ အမြတ်ဆုံးကုသိုလ် ရစေလိုတရားတော်

မိမိရဲ့စိတ်ကို ကြည်လင်စေတတ်တဲ့ ကုသိုလ်စိတ်တွေ၊ ဒါနကုသိုလ်စိတ်တွေ၊ သီလကုသိုလ်စိတ်တွေ၊ ဘာဝနာ ကုသိုလ်စိတ်တွေ၊ နှလုံးသားထဲမှာ တည်အောင် ကျင့်ကြံပွားများအားထုတ်ေ ..ရင် ချမ်းသာမယ်တဲ့၊ ဟုတ်လား။

ဒါဆိုရင် ယုတ်မာတရားတွေ ဘာလုပ်ရမှာတဲ့လဲ။

"ပယ်ရမှာပါဘုရား"

ကုသိုလ်တရားတွေကို

"ပွားများရမှာပါဘုရား"

အဲဒါမှ ဗုဒ္ဓသာသနာတွင်းမှာ လူဖြစ်ကျိုးနပ်ပါသည်တဲ့။ အဲဒီလို ဗုဒ္ဓသာသနာတွင်းမှာ လူဖြစ်ကျိုးနပ်ဖို့အတွက် ကျုပ်တို့ဒကာဒကာမတွေ အကုသိုလ်တရားတွေကို ဘာလုပ်ရမှာတဲ့လဲ။

"ပယ်ရမှာပါဘုရား"

အေး အပါယ်လေးဘုံကို ရောက်စေနိုင်တဲ့ အကုသိုလ်တရားတွေ ပယ်ရှားဖို့အတွက်

http://www.dhammadownload.com



ဝိပဿနာတရားတွေ ပွားများပြီးသကာလ ယခု တရားစခန်းတွင်းမှာပင်လျှင် ကိုယ်ပိုင်ဉာဏ်ဖြင့် ထိုးထွင်း၍ သိနိုင်ကြပါစေ။ ဒုက္ခသစ္စာကို ကိုယ်ပိုင်ဉာဏ်ဖြင့် ထိုးထိုးထွင်းထွင်း သိမြင်နိုင်ပြီး အပါယ်လေးပါးကို ရောက်စေတဲ့ သမုဒယသစ္စာကို ပယ်စွန့်နိုင်ကြပါစေ။ မဂ္ဂသစ္စာကို ပွားများကာ နိရောဓသစ္စာတည်းဟူသော မဂ်စခန်း၊ ဖိုလ်စခန်း၊ နိဗ္ဗာန်ချမ်းသာ တရားထူးတရားမြတ်ကို ကိုယ်စီကိုယ်ငှ ကောင်းစွာ မသွေ လှမ်းတက်နိုင်ကြပါစေ ကုန်သတည်း။

(သာဓု သာဓု သာဓု)

## ဆုတောင်းအမျှဝေ

ဤသို့ပြုရ မြတ်ပုညကြောင့် အမတခေမံ ပြည်နိဗ္ဗာန်ကို ဧကန် ထုတ်ချောက် ရောက်စေသော်။

ယနေ့ယခု အားထုတ်သမျှ မြတ်ဘာဂကို မိဘဆရာ မျိုးသဟာနဲ့ ကိုယ်မှာစောင့်ကြပ် ကိုယ်စောင့်နတ်က အရင်းစ၍ ရှိသမျှလုံးစုံ

http://www.dhammadownload.com



ဘုံသုံးဆယ့်တစ် ဖြစ်ဖြစ်သမျှ ရှိရှိသမျှ ဝေနေယျတို့ ရကြပါစေ ပေးငှဝေသည် များထွေသာဓုခေါ်စေသော်...။

ဝိပဿနာအားထုတ်မှ ဘဝမှာ
အနေကောင်းမယ်။
အနေကောင်းမှ အသေကောင်းမှာနော်။
အနေမတတ်က အသေမမြတ်ဘူး။

* အမြတ်ဆုံးဘဝကို အမြတ်ဆုံး ကျင့်စဉ်
ဖြင့် ကျင့်မှ
အမြတ်ဆုံးဆိုတဲ့ တရားထူးကို ရမယ်။
အသက်တမ်းတိုတဲ့ အချိန်ကလေးမှာ
အထက်ဘန်းစိတ်ဓာတ် မွေးထားမှ
အမြင့်စခန်းကို ရောက်နိုင်တယ်။

အမြတ်ဆုံး ရနေတဲ့ လူ့ဘဝမှာ အမြတ်ဆုံး ကုသိုလ်ဖြစ်တဲ့ ဒါနအစ ဝိပဿနာအဆုံး ကုသိုလ်တွေကို မယူတတ်ရင်ဖြင့် လူ့ဘဝပြတ်ပေမဲ့ အရင်းမှာ ရှုံးပြီးသားဆိုတာ မှတ်ပါ။

http://www.dhammadownload.com



## တရားအားထုတ်ခါနီး ပရိကံပြုရန်

"အဟံဘန္တေ သံသာရဝဋ္ဋ ဒုက္ခတော မောစနတ္ထာယ ဣမံ အတ္တာနံ ဗုဒ္ဓဿ ဓမ္မဿ သံဃဿ အာစရိယဿ အတ္ထာယ ဇီဝိတံ နိယျာဒေမိ ပရိစ္စဇာမိ"

ဘန္တေ – အရှင်ဘုရား၊ အဟံ– တပည့် တော်သည်၊ သံသာရဝဋ္ဋ ဒုက္ခတော–သံသရာ တည်းဟူသော ဝဋ်ဆင်းရဲဘေးအပေါင်းမှ၊ မောစနတ္ထာယ–လွတ်မြောက်ပါရစေခြင်း အကျိုးငှာ၊ ဣမံအတ္တာနံ– ဤခန္ဓာငါးပါးကို၊ ဗုဒ္ဓဿ–မြတ်စွာဘုရားအားလည်းကောင်း၊ ဓမ္မဿ–တရားတော်မြတ်အားလည်းကောင်း၊ သံဃဿ–သံဃာတော်မြတ်အားလည်း ကောင်း၊ အာစရိယဿ–ဆရာမြတ်အားလည်း ကောင်း၊ အတ္ထာယ–အကျိုးငှာ၊ ဇီဝိတံ– အသက်ကို၊ နိယျာဒေမိ–အပ်နှင်းပါ၏။ ပရိစ္စဇာမိ– လှူဒါန်းစွန့်ကြဲပါ၏ အရှင်ဘုရား။

"ဇီဝိတံ စဇမာနောပိ သိက္ခာပဒါဟံ နစဇာမိ"

ဇီဝိတံ–အသက်ကို၊ စဇမာနောပိ–စွန့် လွှတ်ငြားသော်လည်း၊ သိက္ခာပဒံ–ကိုယ်ကျင့်

http://www.dhammadownload.com



သီလတော်မြတ်ကို၊ အဟံ–တပည့်တော်သည်၊ နုစဗာမိ–မစွန့်လွှတ်ပါအရှင်ဘုရား။

အရှင်ဘုရား တပည့်တော်များသည် တရားအားထုတ်ဆဲခဏ၌ ကြောက်ခြင်း၊ လန့်ခြင်း၊ စိုးရိမ်ခြင်း၊ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲ ကင်း၍ အားထုတ်ဆဲ၊ အားထုတ်လတ္တံ့ဖြစ်သော ဒါန၊ သီလ၊ စေတနာကံနှင့်တကွ ဝိပဿနာဉာဏ်သည် မဂ်ဉာဏ်သို့ ကျေးဇူးပြု၍ နိဗ္ဗာန်သို့ မျက်မှောက်ပြုရပါလို၏ အရှင်ဘုရား။

## တရားအားထုတ်ပြီး အနန္တငါးပါးကို ပူဇော်ကန်တော့ရန်

"ဣမာယ ဓမ္မာနု ဓမ္မပဋိပတ္တိယာ ဗုဒ္ဓံ ပူဇေမိ၊ ဓမ္မံ ပူဇေမိ၊ သံဃံပူဇေမိ"

ဣမာယဓမ္မာနု ဓမ္မပဋိပတ္တိယာ–မဂ်လေးတန်၊ ဖိုလ်လေးတန် နိဗ္ဗာန်ဟု ဆိုအပ်သော ကိုးပါးအား လျော်သော ကျင့်ဝတ်ပဋိပတ်ဖြင့်၊ ဗုဒ္ဓံ– မြတ်စွာဘုရားကို။ ဓမ္မံ– တရားတော်မြတ်ကို။ သံဃံ–သံဃာတော်မြတ်အပေါင်းကို။ မိဘဘိုးဘွား ဆရာသမားများကို၊ ပူဇေမိ–ပူဇော်ပါ၏ အရှင်ဘုရား။

http://www.dhammadownload.com



## ဆုတောင်းရန်

"အဒ္ဓါ ဣမာယ ပဋိပတ္တိယာ ဇာတိဇရာ ဗျာဓိမရဏမှာ ပရိမုစ္စိဿာမိ"

ဣမာယပဋိပတ္တိယာ– မဂ်လေးတန်၊ ဖိုလ်လေးတန် နိဗ္ဗာန်ဟု ဆိုအပ်သော ဤလောကုတ္တရာတရား ကိုးပါးအား လျော်သော ကျင့်ဝတ်ပဋိပတ်ကြောင့်၊ ဇာတိဇရာ ဗျာဓိ မရဏမှာ–ပဋိသန္ဓေနေရခြင်း၊ အိုရခြင်း၊ နာရခြင်း၊ သေရခြင်းတို့မှ၊ အဒ္ဓါ–မချွတ်ဧကန်၊ ပရိမုစ္စိဿာမိ–လွတ်မြောက်ရပါလို၏ အရှင်ဘုရား။

## မေတ္တာပို့

* အထက်အရပ်မှာ များသတ္တဝါချမ်းသာ ကိုယ်စိတ် မြဲကြပါစေ။
အန္တရာယ်ကင်း ဘေးတွေရှင်း လက်ငင်း ချမ်းသာကြပါစေ။

* အောက်အရပ်မှာ များသတ္တဝါ ချမ်းသာ ကိုယ်စိတ် မြဲကြပါစေ။

http://www.dhammadownload.com



အန္တရာယ်ကင်း ဘေးတွေရှင်း လက်ငင်း
ချမ်းသာကြပါစေ။

* အနန္တစကြဝဠာ များသတ္တဝါ ချမ်းသာ
ကိုယ်စိတ် မြဲကြပါစေ။
အန္တရာယ်ကင်း ဘေးတွေရှင်း လက်ငင်း
ချမ်းသာကြပါစေ။

* တရားဟော တရားနာ ဘေးရန်ကွာ
ချမ်းသာကိုယ်စိတ် မြဲကြပါစေ။
အန္တရာယ်ကင်း ဘေးတွေရှင်း လက်ငင်း
ချမ်းသာကြပါစေ။

* ကိုယ်စိတ်နှစ်ဖြာ ဘေးရန်ကွာ ကျန်းမာ
ကြပါစေ။

* ကိုယ်စိတ်နှစ်ဖြာ ဘေးရန်ကွာ ချမ်းသာ
ကြပါစေ။

* မေတ္တာနှလုံး ကိုယ်စီသုံး ရွှင်ပြုံးကြ
ပါစေ။

* မေတ္တာရန်သူ ဒေါသမူ အပူကင်းပါစေ။

* မေတ္တာရေချမ်း ကိုယ်စီဖြန်း အေးချမ်း
ကြပါစေ။

* ခန္တီနှလုံး ကိုယ်စီသုံး ရွှင်ပြုံးကြပါစေ။

http://www.dhammadownload.com



* တို့မေတ္တာစွမ်း ကမ္ဘာလွှမ်း ငြိမ်းချမ်းကြပါစေ။

တို့မေတ္တာစွမ်း ကမ္ဘာလွှမ်း အေးချမ်းကြပါစေ။

## ဆွမ်းသုံးဆောင်ခါနီး မေတ္တာပို့

ယနေ့ အရဏ်ဆွမ်း၊ မွန်းတည့်ဆွမ်း လှူဒါန်းကြကုန်သော အလှူရှင် မိသားစုတစ်တွေ…ဘေးရန်ကင်းကြပါစေ…ကိုယ်ဆင်းရဲကင်းကြပါစေ…စိတ်ဆင်းရဲကင်းကြပါစေ…ကိုယ်စိတ်နှစ်ဖြာ ချမ်းသာစွာဖြင့် မိမိတို့ခန္ဓာဝန်ကို ရွက်ဆောင်နိုင်ကြပါစေ။

ယနေ့ အရဏ်ဆွမ်း၊ မွန်းတည့်ဆွမ်း၊ အဖျော်ရည် လှူဒါန်းကြကုန်သော အလှူရှင် မိသားစုတစ်တွေ…ဝေယျာဝစ္စ ပြုကြသူတွေ… ဘေးရန်ကင်းကြပါစေ…ကိုယ်ဆင်းရဲ ကင်းကြပါစေ…စိတ်ဆင်းရဲ ကင်းကြပါစေ… ကိုယ်စိတ်နှစ်ဖြာ ချမ်းသာစွာဖြင့် မိမိတို့ခန္ဓာဝန်ကို ရွက်ဆောင်နိုင်ကြပါစေ။

http://www.dhammadownload.com



## ဆွမ်းသုံးဆောင်ခါနီး ဆင်ခြင်ရန်

ဤသည့်စားဖွယ်၊ အမယ်မယ်ကို၊ မြူး ရယ်မာန်ကြွ၊ လှပရေဆင်း၊ ပြည့်ဖြိုးခြင်းငှာ၊ မသုံးပါဘူး၊ လေးဖြာဓာတ်ဆောင်၊ ဤကိုယ် ကောင်သည်၊ ရှည်စွာအောင်တည့်လျက်၊ အသက် မျှတမ်း၊ မဒမောပန်းငြား၊ ဘုရားသာသနာ၊ ကျင့်နှစ်ဖြာကို၊ ကျင့်ပါနိုင်စေ၊ ဝေဒနာ ဟောင်းသစ်၊ မဖြစ်စေရ၊ ယာပိုက်မျှလစ်၊ ခပ်သိမ်းပြစ်ကို၊ မဖြစ်လေအောင်၊ ချမ်းမြေ့ အောင်ဟု၊ သုံးဆောင်မှီဝဲပါသတည်း။

## ဆွမ်းသုံးဆောင်ခါနီး အမျှဝေ

ယနေ့ယခု ပြုပြုသမျှ မြတ်ဘာဂကို သုံးဆယ့်တစ်ဘုံ ကျင်လည်ကုန်သော ဝေနေယျ ဒုက္ခိတ သုခိတ သတ္တဝါပေါင်းတို့ကို ကုသိုလ် ပြုလုပ် အကျွန်ုပ်တို့က အမျှကုသိုလ် ပေးဝေ လို၏ အမျှရ၍ ချမ်းသာကြပါစေသော...။

(အမျှ...အမျှ...အမျှ... ယူတော်မူကြပါ ကုန်လော့။ သာဓု...သာဓု...သာဓု)၃

❀ ❀ ❀